စိတ်ကူးချိုချိုအနုပညာ

mgyoe.com

ရွှေဥဒေါင်း

# ဝတ္ထုတိုပေါင်းချုပ်နဝမတွဲ

## (ထပ်မံတွေ့ရှိသော ဝတ္ထုတိုအသစ်များ)




mgyoe.com

ရွှေဒေါင်း

# ဝတ္ထုတိုပေါင်းချုပ်

## နဝမတွဲ (ထပ်မံတွေ့ရှိသော ဝတ္ထုတိုအသစ်များ)



SOD0024
1,800.00 KS

mgyoe.com

mgyoe.com

ရွှေဥဒေါင်း ဝတ္ထုတိုပေါင်းချုပ် နဝမတွဲ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၅၂၀၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၄၃၀၂၁၀ တို့ဖြင့်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဧပြီလတွင် တန်ဖိုး ၁၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာစဉ်ရုပ်ချုပ်   ကိုးကြား

၇၉၅ ·၇၃

ရွှေဥဒေါင်း

ဝတ္ထုတိုပေါင်းချုပ် နဝမတွဲ / ရွှေဥဒေါင်း ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၁၈၁ မျက်နှာ၊ ၁၃·၂ စင်တီ× ၂၀·၅ စင်တီ

(၁) ဝတ္ထုတိုပေါင်းချုပ် နဝမတွဲ

mgyoe.com

mgyoe.com

# မာတိကာ

ဂျမဒါကိုကိုကြီးဝတ္ထုများ .... ၁
၁။ ဂျမဒါကိုကိုကြီး .... ၃
၂။ လိုဏ်ခေါင်းနံပါတ် ၃၁ .... ၂၁
၃။ အဘယ်ကြောင့် ကိုကိုကြီး လူပျိုကြီးဖြစ်နေရသနည်း .... ၃၆

ဇော်ဟိတ်ဝတ္ထု .... ၅၁
၄။ ဇော်ဟိတ်ဆိုတာသိကြရဲ့လား .... ၅၃

ဒဂုံတင့်ဝတ္ထု .... ၇၁
၅။ ဒဂုံတင့် အမှတ်(၁) ပထမဇာတ်သွင်းခြင်း .... ၇၃

စုံထောက်မဟုတ်သော အခြားဝတ္ထုများ .... ၉၉
၆။ အာဂငနဲ .... ၁၀၁
၇။ ထူးဆန်းသောလက်တုံ့ပြန်နည်း .... ၁၁၃
၈။ အမေရိကန်ပါးကွက်သားတစ်ယောက်၏
ထုတ်ဖော်ပြောချက်များ .... ၁၃၂
၉။ ဒိန်းဒလိန်းနတ်နှင့် ပတ်သက်သောသူရသတ္တိ .... ၁၅၃
၁၀။ ကျားဘူလီ .... ၁၆၉

❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဂျမဒါကိုကိုကြီးဝတ္ထုများ

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၁

# ဂျမဒါကိုကိုကြီး

လွန်ခဲ့သော စစ်ကြီးအတွင်း၌ ရန်သူ၏ လက်ချက်ဖြင့် ဒုက္ခဝေဒနာ ခံစား နေရသူ အမျိုးမျိုးရှိကြသည့်အနက်၊ ကျွန်ုပ်၏ မိတ်ဆွေ ဆူဘာဒါမောင်မောင်၏ အဖြစ်အပျက်မှာ ဒဏ်ရာရသူတို့၏ စာရင်းတွင် အထူးဆန်းဆုံးတစ်ခု ဖြစ်သည်ဟု ဆိုလောက်ပါပေသည်။ ကျွန်ုပ်သည် မောင်မောင်၏ ဒဏ်ရာရပုံ အဖြစ်အပျက်ကို ကျွန်ုပ် ကြုံတွေ့ရသည်အတိုင်း ရေးသားဖော်ပြသည်ဖြစ်ရာ၊ ထူးဆန်းသည် မထူးဆန်းသည်ကိုမူ ဖတ်ရှုသူတို့ ကိုယ်တိုင် ချင့်ချိန်ဆုံးဖြတ်နိုင်ကြပေသည်။

တစ်ညသ၌ တူးမြောင်းကြီးသဖွယ် တူးဖော်ထားသော ချိုင့်ကြီးအတွင်း ဘီယာပုလင်းလွတ်ပေါ်တွင် စိုက်ထူထားသည့် ဖယောင်းတိုင်မှ အလင်းရောင်သည် ပေါင်မုန့် တစ်ချပ်နှစ်ချပ်၊ ငါးသေတ္တာတစ်ကောင်နှစ်ကောင်၊ သတ္တုခွက် တစ်လုံးနှစ်လုံး စသော ဝတ္ထုပစ္စည်းများကို မထင်မရှား မြင်သာလောက်ရုံမျှ ထွန်းတောက်လျက်ရှိစဉ် လူနှစ်ယောက်တို့သည် ထောင့်နှစ်ထောင့်၌ စုပုံထားသော ကောက်ရိုးများပေါ်တွင် စီးကရက် ကိုယ်စီနှင့် ခွေလျောင်းလျက် ရှိကြ၏။ မနီးမဝေးရှိ တူးမြောင်းတစ်ခုမှ ပါးစပ်မှုတ် ဘာဂျာသံများ ရယ်မောသံများသည် လေသင့်သည့်

mgyoe.com

mgyoe.com

အခါတိုင်း ထိုလူနှစ်ယောက်တို့၏ တူးမြောင်းတွင်းသို့ စွပ်၍စွပ်၍ ငင်လာလေ၏။ ရံဖန်ရံခါ ကျွန်ုပ်တို့ စစ်တပ်ဘက်မှ ပစ်ကြလိုက်သော ဗုံးအမြောက်သံများသည် ဘာဂျာသံနှင့် တေးသံကို လွှမ်းမိုးအုပ်၍၊ ကောင်းကင်အလုံး ထစ်ချုန်းမြည်ဟိန်း လျက်ရှိရာ ရံဖန်ရံခါ၌လည်း ရန်သူဘက်မှ ပစ်ကြလိုက်သောဗုံးသည် ဦးခေါင်း ထက်၌ 'ရှီ'ခနဲ မြည်ဝဲလျက် 'မကောင်းသူထိပ်' ဟူသော သဘောမျိုးနှင့် ရောက်ချင် ရာ ရောက်၍ ကျချင်ရာကျသွားလေ၏။ တူးမြောင်းထက်မှ ဦးခေါင်းပြူလျက် ရန်သူဘက်သို့ မျှော်ကြည့်လိုက်သည်ရှိသော် စစ်မျက်နှာတစ်လျှောက်၌ မီးစိမ်း ရောင်များသည် တသီတတန်းကြီး ငုတ်ချည်ပေါ်ချည်၊ မှိန်ချည်လင်းချည် ရှိသည် အဖြစ်ကို တွေ့မြင်ရ၏။ တူးမြောင်း၏ ထောင့်နှစ်ထောင့်တွင် ကောက်ရိုးပုံပေါ်၌ စီးကရက် ကိုယ်စီနှင့် စိတ်ကူးယဉ်လျက် ရှိနေသူ နှစ်ယောက်တို့မှာကား ကျွန်ုပ် နှင့် ကျွန်ုပ်၏ မိတ်ဆွေ ဆူဘဒါမောင်မောင်တို့ ဖြစ်ကြလေ၏။

ကျွန်ုပ်တို့ နှစ်ယောက်သည် မြန်မာပြည်၌ ခွဲခွာထားခဲ့ကြသော မိဘဆွေ မျိုးမှစ၍ မိတ်ဆွေ သူငယ်ချင်းများအကြောင်း စိတ်ကူးလျက် ရှိကြစဉ်၊ လက်ဖတင် နင် အရာရှိသည် တူးမြောင်းတံခါးဝ၌ ရုတ်တရက် ပေါ်လာ၍ "ဟေ့ ငါလူများ နာရီရှိလျှင် နာရီတိုက်ထားလိုက်ကြ မောင်တို့ အခု ၉ နာရီတိတိ ရှိနေပြီ"

"ဘာအရေးများလဲဗျ"

"နက်ဖြန်မနက် ၆ နာရီခွဲတိတိမှာ ဘက်တယ်လျံ နံပါတ် ၃ က စစ်သား များ ချီတက်တိုက်ခိုက်ကြဖို့ ဗဟိုဌာနက အမိန့်ရောက်လာတယ်"

"ဘာသံမကြား ညာသံမကြားနဲ့ ချက်ချင်းကြီးပါလားဗျ"

"သူတို့ စိတ်ထဲမှာ ကြံစည်ထားတာတော့ တစ်ရက် နှစ်ရက် ရှိပြီထင်ပါရဲ့၊ မင်းတို့ ငါတို့တော့ အခုမှ သိကြရတယ်၊ စစ်ဆိုတာ ဒီလိုပဲကွယ်၊ ဒါထက် ၆ နာရီခွဲဟော့နော် သတိပြုကြ"

"ကောင်းပါပြီဗျာ"

မောင်မောင်နှင့် ကျွန်ုပ်သည် လက်ဖတင်နင် အရာရှိ၏ နာရီဖြင့် ကျွန်ုပ် တို့၏ လက်ပတ်နာရီများကို အချိန်တိုက်ကြပြီးသည်နှင့် တစ်ပြိုင်နက် အရာရှိ လည်း ထွက်သွားလေ၏။ ကျွန်ုပ်တို့သည် ၎င်းနေရာ၌ စခန်းချ နေခဲ့ကြသည်မှာ တနင်္ဂနွေနှစ်ပတ်ခန့် ရှိသော်လည်း အဝေးမှလှမ်း၍ ပစ်ကြကြသော ဗုံးများမှ တစ်ပါး တစ်စုံတစ်ရာ ထိထိရောက်ရောက် ဆောင်ရွက်ကြရခြင်း မရှိဘဲ၊ အိပ်ကာ စားကာ နှင့် အချိန်ကုန်ခဲ့ကြရာ နေသားတကျ ရှိနေသော တူးမြောင်းစခန်းကို စွန့်ခွာ၍

mgyoe.com

ရန်သူ၏ နယ်မြေသို့ ချီတက်ရမည်ဟူသော သတင်းကို ရုတ်တရက် ကြားရခြင်းသည် စိတ်၏ ငြိမ်သက်ခြင်းကို မဖြစ်စေတတ်ပေ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဖိုလ့်ကိုက်သောရင်ရှိလျက် ချီတက်ရဦးမည့် အရေးကို မှိုင်ငေးတွေးတောနေကြစဉ်။

မောင်။ ။ "သူတို့ဘက်က အဆိပ်ဓာတ်ငွေ့ သုံးဦးမလား မဆိုနိုင်ဘူး"

ကျွန်ုပ်။ ။ "ဂျာမန်တွေ သုံးပေမဲ့ တူရကီစစ်တပ်က သုံးဖို့ အသင့်ရှိသေး မထင်ပေါင်ဗျာ"

မောင်။ ။ "ချီတက်မယ့် တက်တော့လည်း ချက်ချင်းကြီးဗျာ၊ တကယ်ဆိုတော့..."

ကျွန်ုပ်။ ။ "ကိုမောင်မောင်ကလည်း အဆန်းလုပ်လို့ဗျာ ကျုပ်တို့ တစ်တွေ ကြိုတင်သိရတယ်လို့ ဘယ်တော့က ကြားဖူးလို့လဲ ခင်ဗျားလည်း သိသားနဲ့"

မောင်။ ။ "ကိုကိုကြီး"

ကျွန်ုပ်။ ။ "ဗျာ"

မောင်။ ။ "အတိတ်နိမိတ်ဆိုတာ ခင်ဗျား ယုံသလား"

ကျွန်ုပ်။ ။ "အမှန် ပြောရမှာဖြင့် ကျုပ်တော့ မယုံတစ်ဝက် ယုံတစ်ဝက်ပဲဗျ၊ ခင်ဗျားကော"

မောင်။ ။ "ကျုပ်ပြောမယ် နားထောင်၊ နေ့လယ်က မှေးခနဲဆို အိပ်ပျော်သွားတော့ အိပ်မက်တစ်ခု မက်တယ်ဗျ"

ကျွန်ုပ်။ ။ "ဘယ်လိုများ မက်သလဲဗျာ"

မောင်။ ။ "ထူးဆန်းလိုက်တဲ့ အိပ်မက်ဗျာ၊ ရန်သူဘက်က ပစ်လိုက်တဲ့ဗုံးတစ်လုံးဟာ ကျုပ် လည်ပင်းကို မှန်ပြီး ကျုပ်ဦးခေါင်းကြီး ပြတ်ကျသွားတယ်ဗျ"

ကျွန်ုပ်။ ။ "ကြံကြံစည်စည်ဗျာ တောက်တီးတောက်တဲ့"

မောင်။ ။ "ဒါတွင် မပြီးသေးဘူး၊ ကျုပ်ဟာ ဦးခေါင်းပြတ်ကျပေမဲ့ မသေတဲ့အပြင် ကျုပ် ဦးခေါင်းကြီး ကျုပ် ပွေ့ယူပြီး ရန်သူတွေနောက် လိုက်လိုက်တာတဲ့ဗျာ ရန်သူတွေကလည်း ဘာမှ မပြောနဲ့တော့၊ ကျုပ်ကို မြင်ခါရှိသေး တစ်တပ်လုံး ပြေးလိုက်ကြတာတဲ့ဗျာ၊ ကျုပ်ကလိုက် သူတို့ကပြေး၊ နောက်ဆုံး ကျုပ်ခေါင်းကြီး လက်ထဲကလွတ်ကျလို့ ဗုန်းဆိုမြည်တော့မှ ကျုပ်လန့်နိုးလာတယ်"

mgyoe.com

mgyoe.com


ကျွန်ုပ်။ ။ "ခင်ဗျားအိပ်မက် ကောင်းသားပဲဗျာ၊ ကိုယ်ကနိုင်တာကပဲ"

မောင်။ ။ "ကိုယ်က နိုင်ပေမဲ့ ခေါင်းက ရှုံးတာက ခွကျတယ်ဗျ၊ ဒါထက် ကျုပ်ကိုယ်တိုင် အိပ်မက်တော့ ဒါလောက်ကြီး အယုံအကြည် မရှိပါဘူး၊ သို့သော် ဒီတစ်ခါတော့ နည်းနည်း စိတ်လေးတယ်ဗျာ"

ကျွန်ုပ်။ ။ "ဥပါဒါန်ကြောင့် ဥပဒ်ရောက်တဲ့ ဒီအိပ်မက်ကို ဂရုမစိုက်ပါနဲ့ဗျာ၊ အလကားဟာမျိုးပါ"

မောင်။ ။ "ဒါထက် ကျုပ်မှာ တစ်စုံတစ်ခုဖြစ်ခဲ့လို့ရှိလျှင် ကျုပ်မယားနဲ့ ကျုပ်သားကလေးကို ဂရုစိုက်ရစ်ပါဗျာနော်"

ကျွန်ုပ်။ ။ "မဟုတ်တာ ကိုမောင်မောင်ကလည်း သွေးလေချောက်ချားလို့ မက်တိုင်း နိမိတ်ကောက်ရတာ မဟုတ်ပါဘူးဗျ"

ကျွန်ုပ်မှာ မိတ်ဆွေဝတ္တရားအတိုင်း 'အားပေးရငြားသော်လည်း စာတ်ကူးလာသောကြောင့်လေလောမသိ၊ ကျွန်ုပ်ကိုယ်တိုင် စိတ်လေး၍လာခဲ့၏။ သို့ပါသော်လည်း ကိုမောင်မောင် အာရုံပြောင်းစေခြင်းငှာ ရယ်မောဖွယ်ရာ ပုံတိုပတ်စများကို သန်းခေါင်နီးပါးတိုင်အောင် ပြောပြရ၏။ သို့ရာတွင် ကိုမောင်မောင်သည် ကျွန်ုပ်၏ ကြိုးစားခြင်းကို ရိပ်မိ၍ ကျေးဇူးတင်ဟန် ရှိသော်လည်း ထိုညအဖို့၌ အလွန်တရာ ဣန္ဒြေကြီးလှ၏။ သန်းခေါင်တိုင်လတ်သော် ကျွန်ုပ်တို့သည် အိပ်ရာသို့ အသီးသီး ဝင်ကြလေ၏။

ကျွန်ုပ်သည် ပခုံးကို လက်နှင့် လှုပ်နှိုးသည်ဟု သိရ၍ အိပ်ရာမှ လူးလဲထပြီးလျှင် နာရီကို ကြည့်လိုက်ရာ၊ ၆ နာရီတိတိ ရှိနေလေပြီ၊ ၎င်းနောက် အဝတ်အစားများ အသင့် လဲလှယ်ပြီးရှိနေသော ကိုမောင်မောင်အား လှမ်းကြည့်လိုက်ရာ ၎င်းမှာ တစ်ညဉ့်လုံး အိပ်ပျော်ဟန် မရှိကြောင်းတွေ့ရ၏။

"အိပ်ပျော်ရဲ့လား ကိုမောင်မောင်"

"အိပ်တောင် မအိပ်ဘူး"

"နို့ ဘာလုပ်နေတာလဲ ခင်ဗျား"

"စာဖတ်နေတယ်"

"တစ်ညလုံး"

"ဟုတ်တယ်"

ထိုအခါ ကျွန်ုပ်သည် အိပ်မက်ကို သတိရ၍ ဥပါဒါန် မစွဲလမ်းဖို့ ပြောဦးမည်အပြုတွင် ကိုမောင်မောင်က "တော်ပါတော့ ဆရာကြီး ကျုပ် နေရာတကာတိုင်း

mgyoe.com

mgyoe.com

အယူသီးတဲ့ လူတစ်ယောက် မဟုတ်ပါဘူး၊ သို့သော် ကျုပ်ပြောတာတော့ မမေ့နဲ့နော်"

ကျွန်ုပ်သည် အပိုမှာထားခြင်း ဖြစ်လိမ့်မည်ထင်မှတ်ကြောင်း ပြောတော့မည် ပြုပြီးမှ ကိုမောင်မောင်၏ မျက်နှာထားကို မြင်သဖြင့် "ကောင်းပါပြီဗျာ စိတ်ချပါ" ဟု ပြောလိုက်ရလေ၏။

ကျွန်ုပ်သည် ဇလမီးဖိုဖြင့် ကိုမောင်မောင် ပြင်ဆင်ထားသော ကာဖီနှင့် ဘီစကွတ်မုန့်များကို ပိုက်ပြည့်အောင် စား၍ လက်နက်နှင့်တကွ အဝတ်အစားများပါ လဲလှယ်ဝတ်ဆင်ပြီးနောက် တူးမြောင်းပေါ်သို့ တက်လာကြလေ၏။ ထိုအချိန်၌ကား စစ်သားများသည် တောင်တစ်စု မြောက်တစ်စု စုဝေးစောင့်ဆိုင်းကာ ရှိနေကြလေပြီ။ ကျွန်ုပ် တွေ့မြင်ရသော လူအားလုံးတို့မှာ အနည်းနှင့်အများ တုန်လှုပ်သော အမူအရာ ရှိနေကြရာ၊ ကိုမောင်မောင် တစ်ဦးတည်းသာလျှင် တည်ငြိမ်ခြင်း ရှာဟန် လက္ခဏာရှိ၏။

၆ နာရီခွဲသည်နှင့် တစ်ပြိုင်နက် ၃ နံပါတ် ဘက်တယ်လျံသည် စစ်တပ်နှစ်ခုအကြားရှိ 'ဘုံဘိုင်မြေ' ကို ဖြတ်ကျော်၍ ရန်သူစစ်တပ်ဆီသို့ မျက်နှာမူကာ အပြေးအလွှား ချီတက်ကြလေ၏။ ထိုသို့သော အခြင်းအရာမျိုးမှာ ရှုပ်ယှက်ခတ်လျက် ဗလုံးဗထွေး ပြုလုပ်ကြရသော အခြင်းအရာမျိုး ဖြစ်သောကြောင့် သူတစ်ပါးတို့၏ အပြုအမူကို မခိုက်ထားဘိ မိမိကိုယ်တိုင် မည်သည့်နေရာ၌ မည်ကဲ့သို့ ပြုလုပ်ခဲ့သည်ဟူ၍မျှပင် ပြန်၍မပြောနိုင်အောင် ရှုပ်ထွေးလှ၏။ 'ဘုံဘိုင်မြေ' တစ်လျှောက် ပြေးလွှားချီတက်စဉ် ကျွန်ုပ်၏ နံဘေးမှ လူတစ်ယောက် ဟပ်ထိုးလဲသွား၍ ၎င်း၏ ခြေထောက်နှင့် ကျွန်ုပ်၏ ခြေထောက် ငြိမိပြီးလျှင် ကျွန်ုပ်ပါ လဲတော့မလို ဖြစ်သွားသော အခြင်းအရာ တစ်ခုကိုမူကား ကျွန်ုပ် မှတ်မိ၏။ ထိုသူမှာ မထတော့ဘဲ ကျန်ရစ်ခဲ့ရာ ကျွန်ုပ်မှာမူကား ဆက်လက် ပြေးလွှားခဲ့၏။ နောက်တစ်ခဏ၌ ကျွန်ုပ်တို့၏ တပ်ငယ်သည် ရန်သူတူးမြောင်းတွင်းသို့ ဆိုက်ရောက်လာခဲ့၍ ရန်သူများနှင့် ထွေးလားလုံးလား သတ်ပုတ်တိုက်ခိုက်ကြလေကုန်ပြီ။ လုံ့စွပ်နှင့် လုံ့သည်လည်းကောင်း၊ ဓားလွတ်နှင့် ဓားမြှောင်သည်ပေည်းကောင်း၊ မြင်းသေနတ်နှင့် ၆ လုံးပြူးသည်လည်းကောင်း သူတစ်ပြန် ငါတစ်လှည့်ဖြင့် တစ်နည်းစီ တစ်ဖုံစီ မိမိတို့ ကျွမ်းကျင်ရာ လက်နက်များနှင့် တွေ့တွေ့ဆိုင်ဆိုင် ယှဉ်ပြိုင်တိုက်ခိုက်ကြရ၏။ ထိုဘက်သားနှင့် ဤဘက်သားတို့သည် မိမိတို့ မျက်မှန်းတန်းမိရာ တစ်ယောက်စီ တစ်ယောက်စီ အသီးသီး ရွေးချယ်၍ ပုံတော်သလို အဆင်သင့်

mgyoe.com

သလို တိုက်ခိုက်ကြ၏။ ရန်သူတစ်ယောက်ကို နိုင်နင်းပြီးနောက် အခြား တစ်ယောက် ရှာဖို့မှာလည်း မခက်ခဲလှချေ။ တစ်ခါတစ်ရံ ရန်သူသစ်ကို မရှာတော့ဘဲ အရေးနိမ့်ဟန်ရှိသော မိမိဘက်သား တစ်ယောက်ကို ကူညီရ၏။ ထိုနေ့က ကျွန်ုပ်သည် တူရကီစစ်သား သုံးယောက်ထက်မနည်း စီရင်ခဲ့ရ၏။

ဤတိုက်ခိုက်နည်းမျိုး၏ ထုံးစံမှာ ချီတက်တိုက်သော ဘက်က ရှုံးခဲ့လျှင် မိမိတို့၏ တူးမြောင်းဆီသို့ အမြန်ဆုံး ပြန်ပြေးရ၏။ နိုင်ခဲ့လျှင်လည်း ရန်သူ၏ တူးမြောင်းကို သိမ်းပိုက်ရ၏။ ထိုနေ့၌မူကား နာရီဝက်ခန့် အတွင်းတွင် ကျွန်ုပ်တို့ဘက်က အနိုင်ရသဖြင့် မသေမပျောက်ဘဲ ကြွင်းကျန်သော ရန်သူစစ်သားများသည် နောက်တန်း၌ရှိသော ၎င်းတို့၏ အခြား တူးမြောင်း တစ်ခုဆီသို့ ဆုတ်ခွာထွက်ပြေးကြ၏။

ကျွန်ုပ်တို့သည် ရန်သူတူးမြောင်းတစ်ခုကို လက်ရသိမ်းပိုက်လိုက်ပြီးဖြစ်ရကား ကျဆုံးသော အလောင်းများကို မြှုပ်နှံခြင်း၊ သဲအိတ်များကို တူးမြောင်းတစ်ဖက်မှ တစ်ဖက်သို့ ရွှေ့ပြောင်းခြင်းအားဖြင့် တူးမြောင်းကို အမြီးပြန်ခေါင်းပြန်လှန်ခြင်း စသည်ဖြင့် အလုပ်များလျက် ရှိကြ၏။ (အမြီးပြန် ခေါင်းပြန်လှန်ခြင်း ဆိုသည်မှာ ၎င်းတူးမြောင်းသည် ရန်သူလက်တွင်းရှိစဉ်က အရှေ့ဘက်သို့ မျက်နှာမူထားခဲ့လျှင် ကျွန်ုပ်တို့ လက်ဝယ်သို့ ရောက်သောအခါ၌ အနောက်ဘက်သို့ မျက်နှာမူစေခြင်းငှာ မြေကတုတ် လုပ်ထားသော သဲအိတ်များကို တူးမြောင်းတစ်ဖက်မှ တစ်ဖက်သို့ ရွှေ့ပြောင်း စုပုံထားကြရလေသည်။)

ကျွန်ုပ်သည် အခြား စစ်သားများနှင့်အတူ သဲအိတ်များ သယ်ယူရွှေ့ပြောင်းခြင်း အလုပ်၌ ကူညီလုပ်ကိုင်လျက် ရှိကြစဉ် ဆူဘဒါမောင်မောင် သေပြီဟူသော သတင်းကို 'တစ်ယောက်တစ်ပါးစပ်' ပြောသံကြားရလေ၏။ ကျွန်ုပ်မှာ အတူ အိပ်ဖော်စားဖက် ဖြစ်သောကြောင့် ထိုသတင်း ကြားသောအခါတွင် မည်မျှလောက်တုန်လှုပ်သည်ကို ထုတ်ဖော်ရေးသားရန် မလိုချေ။ ကျွန်ုပ်တို့၏ တူးမြောင်းမှ ဖနာရီခွဲ အချိန်တွင် ထွက်လာကြသည်မှစ၍ မောင်မောင်နှင့် ကျွန်ုပ်တို့ တစ်ကြိမ်မျှတွေ့ဆုံခွင့်မရသဖြင့် ကျွန်ုပ်မှာ ထိုသတင်းကို အံ့အားသင့်စွာနှင့် ကြားသိရ၏။ အနီးရှိ စစ်သားတစ်ယောက်ကို ထောက်လှမ်းစုံစမ်းရာတွင် မောင်မောင်မှာ ဦးခေါင်းတွင် ဗုံးထိမှန်ကြောင်း ပြောပြ၏။

ကျွန်ုပ်သည် ထိုသတင်းမျှနှင့် အားမရနိုင်သောကြောင့် အလုပ်လုပ်ရာမှ မယောင်မလည် ထွက်လာပြီးလျှင် ဆရာဝန်ကို ရှာဖွေမေးမြန်းပြန်၏။

mgyoe.com

mgyoe.com


ဝန်။ ။ "သေတော့ မသေသေးပါဘူး၊ သို့သော် ရှင်ဖို့နဲ့ သေဖို့ သေဖို့ ဘက်က များနေတယ်"

ကျွန်ုပ်။ ။ "ဘယ်ပုံဖြစ်တာလဲ ဒေါက်တာ"

ဝန်။ ။ "သူ့ခေါင်းပေါ် တည့်တည့်ကြီး ဗုံးကျကွဲတယ် ကိုကိုကြီးရဲ့၊ ဒိပြင်သူဆိုရင် သေတာကြာလှပြီ၊ ဒီလူက အသက်ပြင်းတဲ့လူမို့လား မသိဘူး၊ ဦးနှောက်တွေ ထွက်တာတောင် လူးလိမ့်ပြီး ခံနေတုန်းရှိသေးတယ်"

ကျွန်ုပ်။ ။ "ဖြစ်ပုံပြောစမ်းပါဦး ဒေါက်တာ"

ဝန်။ ။ "ကျုပ်တို့ဘက်ကနိုင်တော့ ဘုံဆိုင်မြေပေါ်မှာ အတုံးအရုံး လဲနေတဲ့ ကျုပ်တို့ဘက်က စစ်သားတွေကို ဗုံးထိသေမှာ ိုးလေတော့ မောင်မောင် က တစ်ယောက်ပြီးတစ်ယောက် ထမ်းထမ်းပြီး တူးမြောင်းထဲ သယ်ယူလာတယ် ဗျ၊ ၃ ယောက်လည်း သယ်ပြီးရော ရန်သူဘက်က ပစ်လိုက်တဲ့ ဗုံးတစ်လုံးက သူ့ခေါင်းပေါ် တည့်တည့်ကြီးကျပြီး သူရော သူထမ်းသယ်တဲ့ စစ်သားရော တလိမ့် ခေါက်ကွေး လိမ့်သွားပါလေရောဗျာ"

ကျွန်ုပ်။ ။ "ဖြစ်ရလေ ဒေါက်တာ၊ နို့ မျှော်လင့်ဖို့ ရှိသေးရဲ့လား"

ဝန်။ ။ "လူ့အစွမ်းချည်းတော့ မတတ်နိုင်ဘူး ထင်တယ်၊ ဘုရားသခင် ကူညီမှပဲ ချမ်းသာဖို့ ရှိတော့တာပဲ"

ကျွန်ုပ်။ ။ "ခင်ဗျားတို့ပြောသလို၊ ဒီလောက် စွန့်စားတဲ့ လူ တစ်ယောက်ကို ဘုရားသခင်က ကူညီကောင်းပါရဲ့ ဒေါက်တာ"

စစ်မြေပြင် အရပ်၌ လူ၏ အသက်ဘေးအန္တရာယ်နှင့် ပတ်သက်၍ ထူးဆန်းသော အခြင်းအရာများသည် မကြာခဏ ဖြစ်ပွားတတ်လှ၏။ အရေးမကြီးလှသော ဒဏ်ရာကလေးနှင့် သေသူများလည်း ပေါများလှ၏။ လွန်ခဲ့သော မေလက ကျွန်ုပ်တို့ မြှုပ်ထားသော မြေမြှုပ်ဗုံးတစ်ခု ပေါက်ကွဲရာ တူရကီစစ်သား တစ်ယောက်သည် ကိုက်တစ်ရာကျော် ကွာဝေးသော ခရီးကိုကျော်၍ ဒဏ်ချက်ဒဏ်ရာ တစ်စုံတစ်ရာမျှ မရဘဲ လွင့်စဉ်ပါလာဖူး၏။ ၎င်းစစ်သားသည် ဖုတ်ဖက်ခါ၍ ထပြီးနောက် "စစ်တိုက်ပျင်းတာနဲ့ အရှုံးပေးချင်နေတာ ကြာလှပြီ၊ အခုမှ အဆင့်သင့်ပဲ" ဟု ပြောလျက် မိမိကိုယ်ကိုမိမိ အပ်နှံလိုက်လေ၏။

ဆူဘာဒါမောင်မောင်မှာ ဆရာဝန်များ အကုအသကောင်းလှသောကြောင့် အသက်မှုကား မသေချေ။ သို့ရာတွင် သေရခြင်းထက် ဆိုးရွားသောအဖြစ်မျိုးလည်း လောက၌ ရှိတတ်ကြောင်းကို ဖော်ပြလတ္တံ့သော အဖြစ်အပျက်များကာ

mgyoe.com

mgyoe.com


ထင်ရှားစေလတ္တံ့။

ဆရာဝန်ကြီးသည် မောင်မောင်၏ ဦးခေါင်းမှ ဦးနှောက် လေးရွေးသား ခန့်မျှ ထုတ်ပစ်ကုသခြင်းအားဖြင့် မောင်မောင်မှာ အသက်ချမ်းသာရာရ၏။ သို့ရာတွင် လူ၏ကိုယ်ခန္ဓာ၌ ဦးနှောက်သည် အရေးအကြီးဆုံးသော အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် လေးရွေးဟူသည်မှာ အချိန်အားဖြင့် မများလှသော်လည်း ထိုမျှလောက် ထုတ်ပယ်ပစ်လိုက်ရခြင်းအတွက် တစ်စုံတစ်ရာမျှ မဖြစ်နိုင်ဟူ၍ မမျှော်လင့်ထိုက်ပေ။

မောင်မောင်သည် ရောဂါသက်သာသည်နှင့် တစ်ပြိုင်နက် ဆရာဝန်ကြီး၏ ထောက်ခံချက်အရ အခွင့် တစ်နှစ်ပေးလိုက်၍ မြန်မာပြည်သို့ ပြန်သွားလေ၏။ ကျွန်ုပ်မှာမူ စစ်မြေပြင်၌ ဆက်လက်အမှုထမ်းနေရစ်ရသောကြောင့် မောင်မောင်၏ အကြောင်းကို တစ်စုံတစ်ရာမျှ သတင်းမကြားရတော့ချေ။

၎င်းနောက် ၃ လခန့်မျှ ကြာလတ်သော် ကျွန်ုပ်မှာ လက်ဝဲဘက်ပေါင်တွင် ဒဏ်ရာ အကြီးအကျယ်ရရှိသောကြောင့် ဆေးရုံတက်နေရ၏။ ဆေးရုံမှ ဆင်းလတ်သော် စစ်ဗိုလ်ကြီးက ခွင့် ၆ လပေးလိုက်သဖြင့် ကျွန်ုပ်သည် မြန်မာပြည်သို့ အလည်အပတ် ပြန်လာခဲ့လေ၏။

ကျွန်ုပ် မွေးဖွားရာ ဇာတိဖြစ်သော မော်လမြိုင်မြို့သို့ ဆိုက်ရောက်၍ တနင်္ဂနွေ တစ်ပတ်ခန့် ကြာရှိလေလျှင် ဟင်္သာတမြို့၌ရှိနေသော ဆူဘဒါမောင်မောင်၏ ဇနီးထံမှ စာတစ်စောင်ရရှိ၏။ ၎င်းစာမှာ ကျွန်ုပ်အားလပ်ခဲ့ပါလျှင် ဟင်္သာတမြို့သို့ အမြန်လိုက်လာရန် မှာထားလိုက်သော စာဖြစ်လေသည်။ သူငယ်ချင်းမောင်မောင်အတွက် စိုးရိမ်မကင်းဖွယ်ရာ ဖြစ်ပေါ်လာပြန်ကြောင်းနှင့်လည်း ၎င်းစာ၌ ဖော်ပြပါရှိ၏။

ဤနေရာ၌ ကျွန်ုပ်သူငယ်ချင်း မောင်မောင်၏ ဗီဇအကြောင်းကို အနည်းငယ် ဖော်ပြရန် လိုပေသည်။ မောင်မောင်မှာ များစွာသော အခြားသူတို့ကဲ့သို့ တစ်စုံတစ်ရာ မျှော်လင့်ချက်ရှိသောကြောင့် စစ်ထဲသို့ ဝင်ခဲ့ခြင်း မဟုတ်ချေ။ ပစ္စည်းအင်အား ခိုင်လုံတောင့်တင်းသော မိဘတို့၏ တစ်ယောက်တည်းသောသား ဖြစ်သည့်အလျောက် တစ်သက်တာ၌ နေမှု၊ ထိုင်မှု၊ စားမှု၊ သောက်မှုအတွက် တစ်စုံတစ်ရာ ပူပန်ကြောင့်ကြဖို့ မရှိသည်လည်း မှန်၏။ စစ်မှပြန်လျှင် မြို့အုပ်စစ်ကဲ စသော ရာထူးမျိုးကို မမျှော်လင့်သည်လည်း မှန်၏။ ရုပ်ရည်ချောမောလှပ၍ မနိုင်လုံသော ဟင်္သာတမြို့သူ တစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ပြီးနောက်

mgyoe.com

mgyoe.com

သားကလေး တစ်ယောက် ဖွား၍ ချစ်ခင်ကြင်နာစွာ ပေါင်းသင်းနေထိုင်ကြရာတွင် စစ်ကြီးဖြစ်လာ၍ အင်္ဂလိပ်အစိုးရက စစ်သားစုသည်ဟု ကြားသည်နှင့် တစ်ပြိုင်နက် စွန့်စားခြင်းအလုပ်ကို နဂိုဝါသနာအလျောက် နှစ်သက်တတ်သော မောင်မောင်သည် ချက်ချင်းပင် လျှောက်လွှာတင်သွင်းခဲ့၏။ ကျွန်ုပ်နှင့်အတူ မော်လမြိုင်ကျောင်း၌ နေစဉ် မောင်မောင်သည် နပိုလီယန်၊ ဝယ်လင်တန်၊ နယ်လဆင် စသော စစ်ဗိုလ်ကြီးများ၏ အတ္တုပ္ပတ္တိများ၊ ရေကြောင်းစစ်ပွဲကြီးများ၊ ကုန်းကြောင်းစစ်ပွဲများ စသည်တို့အကြောင်းကို ရာဇဝင်များ၌ လည်းကောင်း၊ ဝတ္ထုစာအုပ်များ၌ လည်းကောင်း မနေမနား ဖတ်ရှုခဲ့သူ တစ်ယောက်ဖြစ်၍ "စစ်မဖြစ်တာ ရှိုင်းတယ် သူငယ်ချင်းရယ်၊ ငါ့သဘောသာဖြင့် ဒီကနေ့ စစ်ဖြစ်လို့ လူလိုလျှင် နက်ဖြန်ခါ ငါ စစ်ထဲဝင်ပြီးသားပဲ" ဟု ကျွန်ုပ်အား သူငယ်ချင်းဘာဝ ပြောတတ်လေ၏။ သို့ဖြစ်၍ လူလိုသည်ဟု ကြားသည်နှင့် တစ်ပြိုင်နက် မောင်မောင်သည် မိဘဆွေမျိုးများ၊ မယားနှင့် ယောက္ခမများ၏ တောင်းပန်တားဆီးခြင်းများကို နားမဝင်ဘဲ နာမည် တင်သွင်းလိုက်၏။ ဆိုင်ရာ အရာရှိသည် မောင်မောင်၏ အရည်အချင်းနှင့် လူလုံးလူဖန်ကို သဘောကျလှရကား ဆူဘဒါရာထူးဖြင့် ချီးမြှင့်ခန့်ထားလိုက်၏။

ကျွန်ုပ်သည် မောင်မောင်၏ဇနီး မသန်းခင်ထံမှ စာကို ရရှိသည်နှင့် တစ်ပြိုင်နက် သူငယ်ချင်းနှင့်လည်း တွေ့လိုသောဇောထက်သန်ပြီးဖြစ်သောကြောင့် မိရာရထားနှင့် ဟင်္သာတမြို့သို့ လိုက်ပါသွားလေ၏။

ဟင်္သာတမြို့သို့ ဆိုက်ရောက်သောအခါ မောင်မောင်တို့ လင်မယားသည် ကျွန်ုပ်၏ ကြေးနန်းကို ရရှိထားပြီဖြစ်သောကြောင့် သင်္ဘောဆိပ်မှ ကြိုဆိုလျက် ရှိကြလေ၏။ လင်မယားနှစ်ယောက်လုံးတို့သည် ဝမ်းသာအားရ ရှိလှသော အမူအရာနှင့် ကျွန်တော်၏ ပစ္စည်းများကို ၎င်းတို့၏ ကားပေါ်သို့ တင်ကြပြီးနောက်၊ နေအိမ်သို့ မောင်းနှင်သွားကြလေ၏။

မောင်မောင်တို့ လင်မယားမှာ အတော်အတန် လူသူထူထပ်သော ရပ်ကွက်ရှိ ယောက္ခမကြီးများ၏ နေအိမ်မှခွဲခွာ၍ လူရှင်းသော ရပ်ကွက်တစ်ခုတွင် ကျယ်ဝန်းသော အိမ်ကြီးတစ်ဆောင် ငှားရမ်းနေထိုင်လျက် ရှိကြ၏။ မသန်းခင်၏ စာအတွက်ကြောင့် ကျွန်ုပ်သည် မောင်မောင်၏ အမူအရာကို စောင်းပါးရိပ်ခြည် အကဲခတ်သော်လည်း တစ်စုံတစ်ရာမျှ ထူးထူးခြားခြား မတွေ့ရဘဲ ရှေးကအတိုင်း အားရပါးရ စကားပြော၍ ဟက်ဟက်ပက်ပက် ရယ်မောတတ်ခြင်းကို တွေ့ရ၏။ သို့ဖြစ်၍ ကျွန်ုပ်၏ စိတ်၌ တစ်စုံတစ်ရာမျှ စိုးရိမ်ဖွယ်ရာ မရှိဘဲလျက်နှင့် ကျွန်ုပ်လာစေလို

mgyoe.com

mgyoe.com

သည့်အတွက်ကြောင့် တစ်မျိုးတစ်မည် လှည့်ပတ်ရေးသားခြင်းဖြစ်ဟန်တူသည်ဟု အကဲခတ်မိ၏။

နံနက်စာ စားသောက်ပြီးသဖြင့် မောင်မောင်သည် ဆရာဝန်၏ မှာထားချက် အရ တစ်ရေးတစ်မော အိပ်ရန် အိပ်ရာသို့ဝင်သောအခါ ကျွန်ုပ်သည် မသန်းခင်နှင့် နှစ်ယောက်တည်း တိုင်ပင်ဖို့ အခွင့်ရလေ၏။

ကျွန်ုပ်။ ။ "ခုပုံတော့ အကောင်းသားပါတကား မသန်းခင်၊ ဘာမှ ထူးထူးခြားခြား မတွေ့ရတဲ့အပြင်၊ ဟိုငယ်ငယ်တုန်းက အမူအရာတွေတောင် ပြန် ပေါ်ပြီး စိုစိုပြေပြေ ဖြစ်နေပါသေးကလားဗျ"

ခင်။ ။ "သူ့ရောဂါက ခက်တယ်ရှင်၊ ကောင်းချင်မိမှဖြင့်လည်း လေး ငါး ဆယ်ရက် ဘာမှ မဖြစ်ဘူးရှင့်၊ ဒီအထဲကနေပြီး တစ်ခါတစ်ခါကျမှဖြင့် ဖောက် ဖောက် လာပြန်ပါရောရှင့်"

ကျွန်ုပ်။ ။ "ဖောက်လာတတ်ပုံ ပြောပါဦးဗျာ"

ခင်။ ။ "ဒီလိုရှင့် အရင်က ၂ ခါ ၃ ခါ ဖြစ်ပြီး ပျောက်သွားလို့ ကျွန်မက ရှင်းရှင်း ပျောက်ပြီရယ်လို့ စိတ်အေးနေတုန်း တစ်နေ့ကတော့ လင်မယား နှစ်ယောက် ညစာ စားအပြီး၊ ဒီအခန်းမှာ ထိုင်နေကြတုန်း သူ့မျက်လုံးက ကလယ် ကလယ် ဖြစ်လာတယ်၊ ဖြစ်ပြီး ဘာပြောသလဲဆိုတော့ ဟေ့ မသန်းခင် မရဏ အနိုပ်သည် ဆိုတာ မင်း ကြားဖူးရဲ့လားတဲ့ မေးပါရောရှင့်။ သူ ဖောက်လာပြီဆိုမှဖြင့် ဒီမရဏ အနိုပ်သည်ဆိုတဲ့ အလုံးကို ခဏ ခဏ မေးတတ်တယ် ကိုကိုကြီးရဲ့၊ ဘယ်လို အဓိပ္ပာယ်မှန်းလည်း ကျွန်မ မသိဘူး၊ ကျွန်မမှာတော့ မရဏဆိုတဲ့ စကားရယ် သူ့မျက်လုံးက စားတော့မလို ဝါးတော့မလို ဖြစ်လာပြီး ကျွန်မကို ကြည့်တာရယ် သိပ်ကြောက်တာပဲ၊ ဘာအဓိပ္ပာယ်လဲ မေးတော့ မင်းကို တစ်နေ့မှ လက်ထပ် သင်ပေးရဦးမယ်တဲ့ ပြောပါရောရှင်။ ဒီလို ပြောလေ ကျွန်မက သိပ်ကြောက်လေပဲ။ တစ်နေ့ကတော့ ဒီလိုနေလို့ မဖြစ်ဘူး၊ မိဘများနဲ့တိုင်ပင်လို့လည်း နေရာမကျဘူး လို့ သဘောရပြီး ရှင့်ဆီ ကျွန်မ တိတ်တိတ် စာရေးထည့်လိုက်တာပါပဲရှင်"

ကျွန်ုပ်။ ။ "ဆရာဝန်ကို ပြောမပြဘူးလား"

ခင်။ ။ "ကိုမောင်မောင်မှာ ခက်တာတစ်ခုက ဆရာဝန်အကြောင်း စကားစပ်ပြောလို့ကို မရဘူးရှင့်၊ ဆရာဝန်လို့ ပြောလိုက်ကာ ရှိသေး၊ သူက ငါ ဘာဖြစ်လို့လဲ၊ ငါဘာဖြစ်လို့ ဆရာဝန် ခေါ်ရမှာလဲဆိုပြီး ဒေါသတကြီးနဲ့ မာန်လား၊ မဲလား လုပ်ပါလေရောရှင်၊ ဒီအတိုင်းနေလျှင် အကောင်းသားပဲ၊ ဆရာဝန်

mgyoe.com

mgyoe.com

အသံကြားလိုက်လျှင် တစ်ခါတည်း တစ်မျိုးဖြစ်သွားပါရောရှင်။ ဒါကြောင့် ကျွန်မက ရှင့်ခေါ်ပြီး တိုင်ပင်ရခြင်း ဖြစ်ပါတယ်"

"ဒါအကုန်ပဲလား"

ခင်။ ။ "အင်း... တစ်ခုရှိသေးတယ်၊ ရှင် တစ်မြန်နေ့ညက ကျွန်မတို့ လင်မယား အိပ်ရာဝင်ကြတော့ ၁၀ နာရီလောက်ရှိပြီ၊ ကျွန်မလည်း အိပ်ရာမှာ လှဲလှဲချင်းဆိုသလိုပဲ အိပ်ပျော်သွားတယ် ဒါနဲ့...

ကျွန်ုပ်။ ။ "နေပါဦး မီးငြိမ်းအိပ်ကြသလား"

ခင်။ ။ "ဟုတ်ကဲ့ မီးငြိမ်းထားတယ်ရှင့်၊ ဒါနဲ့ သန်းခေါင်ကျော်လောက်မှာ ကျွန်မ ဘာကြောင့်မသိဘူး ဖျတ်ခနဲ လန့်နိုးတယ်။ နိုးလို့ ကိုမောင်မောင် စမ်းကြည့်လိုက်တော့ ကျွန်မ နံဘေးမှာ မရှိတော့ဘူးရှင့်၊ ဒီလိုဆိုရင်ပဲ ကျွန်မ စိတ် ဒိတ်ခနဲ ဖြစ်သွားပြီး ဘုရား ဘုရားနဲ့ တစ်ကိုယ်လုံး တုန်ပြီး နားစွင့်နေမိတယ်။ တစ်ခဏလောက်ကြာတော့ ခုတင်နံဘေးက ခြေသံလိုလိုကြားတော့ စိုက်နားထောင် နေတုန်း ဟား ဟား ဟား ဟား နဲ့ တိုးတိုးကလေး ရယ်သံကြားရတယ် ရှင့်၊ ကျွန်မဆိုတာတော့ ခေါင်းနပန်းကို ကြီးသွားတာပဲ။ ဒါနဲ့ ကျွန်မက မလှုပ်ဘဲ အသာကလေး ငြိမ်နေတော့ မရဏအနှိပ်သည် သင်ပေးရကောင်းမလား၊ နေပါစေဦးလေ၊ နောက်များမှ သင်ပေးပါတော့မယ် လို့ ပြောပြောဆိုဆိုနဲ့ ကျွန်မ နံဘေး ကိုမောင်မောင် ဝင်အိပ်ပါလေရောရှင့်၊ ကျွန်မဖြင့် ပြောရင်းဆိုရင်းတောင် ကြက်သီးထပါရဲ့ရှင်"

ကျွန်ုပ်။ ။ "ထမယ်ဆိုလည်း ထလောက်စရာပေပ မသန်းခင်၊ ကိုမောင်မောင် ရောဂါက တော်တော် ကြောက်စရာ ရောဂါဗျ"

ခင်။ ။ "ဟုတ်ကဲ့လား၊ ကျွန်မလည်း တွေးမိပါရဲ့၊ နို့ပေမဲ့ ကိုယ့်လင်ဆိုတော့ မကြောက်နိုင်တော့ဘူး ကိုကိုကြီးရဲ့"

ကျွန်ုပ်။ ။ "ကျွန်တော့်ကို ခေါ်တာ မမှားဘူးထင်တယ်၊ နှစ်ယောက်ဆိုတော့ တိုင်တိုင်ပင်ပင်ပေါ့ ဟုတ်စ"

ခင်။ ။ "အမှန်ပြောရမှာဖြင့် ဖေဖေတို့ မေမေတို့ကလည်း သူတို့ စကားနားမထောင်ဘဲ စစ်ထဲလိုက်သွားခြင်းဖြစ်လေတော့ ဂရုစိုက်သင့်သလောက် မစိုက်ချင်ကြဘူးရှင်၊ ဒါကြောင့် ကျွန်မမှာ မောင်ဖွားလည်း မရှိလေတော့ ရှင့်ကိုပဲ အားထားပြီး မှာယူရခြင်းဖြစ်ပါတယ်"

ထိုခဏ၌ မောင်မောင် နိုးလာသဖြင့် ကျွန်ုပ်တို့ စကား ပြတ်သွားလေ၏။

mgyoe.com

mgyoe.com

ထိုညဉ့်၌ ညစာထမင်း စားသောက်ပြီးလတ်သော် မောင်မောင်သည် အလွန် အထူး အူရှင်လှသော အမူအရာနှင့် ရယ်မောဖွယ်ရာ ပုံတိုပတ်စများကို ကရားရေသွန် ပြောဆိုလျက် ရှိ၏။ မသန်းခင်မှာမူ မောင်မောင်၏ အူရှင်သော အမူအရာကို ရောဂါဖောက်မည့် အရိပ်နိမိတ်ဟူ၍ ယူဆဟန် လက္ခဏာနှင့် ကျွန်ုပ်အား မကြာခဏ လှမ်း၍ကြည့်၏။ ကျွန်ုပ်ကလည်း ရိပ်မိကြောင်း သိသာခြင်းငှာ ဦးခေါင်းညိတ်၍ပြ၏။

ထိုညဉ့် ၁၀ နာရီ ထိုးလတ်သော် ဧည့်ခန်းတွင် ထိုက်လျက်ရှိကြရာမှ မောင်မောင်က "မသန်းခင် အိပ်ချေတော့ဟေ့၊ ငါတို့ သူငယ်ချင်းချင်း တွေ့ဆုံမိတဲ့ အခါ စစ်ထဲက အကြောင်းတွေ ပြောချင်တယ်၊ မင်းတို့ မိန်းမတွေ နားမလည်တော့ ပျင်းနေမှာပဲ၊ အိပ်ချေတော့" ဟု ပြောလေ၏။ မသန်းခင်သည် လင်ကို စိုးရိမ်သောကြောင့် ခပ်ဆိုင်းဆိုင်း လုပ်နေရာ မောင်မောင်က "အိပ်ချေဆို အိပ်ချေတော့လေ၊ ဘာလုပ်နေရသေးသလဲ" ဟု ခပ်ဆတ်ဆတ် ပြောလိုက်သောကြောင့် ထသွားရရှာလေ၏။ ကျွန်ုပ်သည် ထိုခဏ၌ ဥပါယ်တံမျဉ်နှင့် အခန်းပြင်သို့ ထွက်လိုက်သွား၍ မသန်းခင်အား "ဒီကနေ့ည ကိုမောင်မောင် သိပ်ဖောက်လိမ့်မယ် ထင်တယ်၊ မသန်းခင် အခန်းကို မင်းတုပ်ချအိပ်၊ သူ့ကိုတော့ သင့်တော်သလို ကျွန်တော် ကြည့်ပြီး နေရာချထားလိုက်မယ်" ဟု တီးတိုးမှာထားပြီးမှ မောင်မောင် အနီးသို့ ပြန်လာခဲ့လေ၏။

မောင်မောင်နှင့် ကျွန်ုပ်တို့သည် နာရီပြန် ၂ ချက် ထိုးသည့်တိုင်အောင် ဧည့်ခန်းတွင် အတူထိုင်လျက် စစ်မြေပြင်မှ အကြောင်းအရာများကို စစ်သားပီပီ ပြန်ပြောင်း ပြောဆိုလျက် ရှိကြ၏။ ကျွန်ုပ်မှာမူ ကိုယ်တိုင် ပြောခြင်းထက် မောင်မောင်၏ အမူအရာကို အကဲခတ်ရင်း ၎င်းပြောသမျှကိုသာ နားထောင်လျက်ရှိ၏။ မောင်မောင်မှာ ရံဖန်ရံခါ မျက်လုံးများ ကလယ်ကလယ် ဖြစ်လာ၍ ဝက်ရူးပြန်တော့မည်ကဲ့သို့ ဖြစ်ပွားသဖြင့် ကျွန်ုပ်က သတိနှင့် ကြည့်နေရ၏။ မောင်မောင်သည် ထိုအချိန်၌ အထူးထွေပြားလျက်ရှိကြောင်းမှာမူ ယုံမှားဖွယ်ရာ မရှိချေ၊ နာရီပြန် နှစ်ချက် ထိုးလတ်သော်...

မောင်။ ။ "ကိုယ့်လူ ဒါထက် မရဏ အနိပ်သည်ဆိုတာ ကြားဖူးရဲ့လား၊ ဟို အညာက ရွှေလီချောင်းထဲ ရောက်သွားတုန်းက ရှမ်းကြီး တစ်ယောက်ဆီက ငွေ ၂၀ ပေးပြီး ကျုပ်သင်ခဲ့ရတဲ့ အတတ်ဗျ။ ဟိုနေ့က တူးမြောင်း လုကြတော့ တူရကီစစ်သား ဘယ်နှယောက်လဲ မဆိုနိုင်ဘူး၊ မရဏ အနိပ်သည် ကျုပ် ပြပေး

mgyoe.com

mgyoe.com

လိုက်တယ်၊ ကျုပ်က ဒါမျိုးကြိုက်တယ်ဗျာ၊ ဒီမှာ နေရတာ ပျင်းခြောက်ခြောက်နဲ့ အလကား ဟိုမှာတော့ ပစ်လိုက်ဟဲ့၊ ခတ်လိုက်ဟဲ့၊ သတ်လိုက်ဟဲ့၊ ဖြတ်လိုက်ဟဲ့၊ ထိုးလိုက်ဟဲ့၊ ကြိတ်လိုက်ဟဲ့၊ ဆော်လိုက်ဟဲ့၊ နှံလိုက်ဟဲ့ ဟု စားပွဲကို လက်သီးနှင့် ထုကာ ထုကာ၊ အားရပါးရ ပြောပြလေရာ၊ ကျွန်ုပ်မှာ 'ခက်လှချေလားကရို' ဟု စိတ်ထဲက အောက်မေ့မိ၏။

ကျွန်ုပ်။ ။ "တစ်ရပ်လုံး အိပ်ကုန်ပြီဗျ၊ ခပ်ဖြည်းဖြည်း လုပ်ပါ ဆရာကြီးရဲ့"

မောင်။ ။ "အိပ်ကုန် ဘာဖြစ်သလဲဗျ၊ ကိုယ့်ပါးစပ်နဲ့ကိုယ်ပြောတာ ဘယ်သူ ကြောက်နေရဦးမှာလဲ၊ ဒါထက် မရဏ အနှိပ်သည်အကြောင်း ပြောပြရဦးမယ်၊ ဒီလိုဗျ ကိုကိုကြီးရဲ့ ရန်သူနဲ့ မျက်နှာချင်းဆိုင်လုံးကြတော့၊ သူ့လည်ပင်းကို ညာဘက်လက်နဲ့ ဟောဒီလို ဖမ်း၊ ဘယ်လက်လက်က သူ့ဇက်ပိုးကို ဟောဒီလိုကိုင်၊ ကိုင်ဆို မိမိရရ စိစိပါအောင် ကိုင်ရတယ်၊ ကိုင်ပြီး ညာဘက်လက်မနဲ့ လက်ချောင်းများက သူ့လည်ချောင်းကို တစ်ဖက်တစ်ချက် စိစိပါအောင် ဟောဒီလို ညှစ်ရတယ်၊ နေရာ မလွဲစေနဲ့နော်၊ လက်မက ဟောဒီ သွေးကြောကို နှိပ်၊ လက်ချောင်းကလေးတွေက နားရွက်အောက်နားက ဟောဒီ အကြောကို နာနာပါအောင် နှိပ် နှိပ် နှိပ် နှိပ်။ နှိပ်တော့ ဘယ်လို ဖြစ်လာသလဲ၊ ခင်ဗျားလူ မျက်လုံးတွေပြူး၊ လျှာကြီးထွက်လာပြီး လက်ထဲမှာ တစ်ခါတည်း ခွေပျော့ ကျသွားပါရောဗျာ" ဟု ပြောရင်း မောင်မောင်သည် ကျွန်ုပ်၏ လည်ပင်းကို ဥပမာတင်၍ ပြသမည်ပြု၏။ သို့ရာတွင် ကျွန်ုပ်က တွန်းဖယ်လိုက်သောကြောင့် သူ၏ လည်ပင်းကိုသာ သူနှိပ်၍ပြရတော့၏။

မောင်။ ။ "ကိုင်း... ကိုယ့်လူ အိပ်ချင်ပြီ ထင်တယ်"

ကျွန်ုပ်။ ။ "စကားပြောလို့တော့ ကောင်းပါရဲ့၊ နှစ်ချက်တော့ ထိုးပြီးပြီ ကောလေ"

မောင်။ ။ "ဟုတ်လား ဒါလောက် ညဉ့်နက်မှန်းတောင် မသိဘူး၊ ကိုင်း... ဒါဖြင့် အိပ်ပေတော့၊ ဟောဟိုမှာ ခင်ဗျား အခန်းပဲ"

ကျွန်ုပ်။ ။ "ခင်ဗျားကော"

မောင်။ ။ "ကျုပ်တော့ ကျုပ်အခန်း ကျုပ်ဝင်အိပ်မှာပေါ့"

ကျွန်ုပ်။ ။ "သူငယ်ချင်း တွေ့တဲ့အခါ အတူတူ အိပ်ကြစို့လေ"

မောင်။ ။ "ကောင်းသားပဲ၊ နို့ပေမဲ့ ခင်ဗျား အခန်းမှာ ခုတင် တစ်လုံး

mgyoe.com

mgyoe.com

တည်း ရှိတယ်ဗျ"

ကျွန်ုပ်။ ။ "ကိစ္စမရှိပါဘူး၊ ခင်ဗျား ခုတင်နဲ့ အိပ်၊ ကျုပ်က ကျုပ် ခေါက် ခုတင်နဲ့ အိပ်မယ်"

မောင်။ ။ "ဟုတ်ရိုးလားဗျာ၊ ခင်ဗျားက ခရီးပန်းလာတဲ့သူ၊ နေရာ တကျ အိပ်မှပေါ့၊ ကျုပ်ကို ခေါက်ခုတင်ပေး"

ကျွန်ုပ်။ ။ "သဘောပေါ့ဗျာ"

၎င်းနောက် ကျွန်ုပ်တို့သည် ခေါက်ခုတင်ကို ဧည့်ခန်းထဲ၌ ဖြန့်ခင်းကြပြီး လျှင် ကျွန်ုပ်က သစ်သားခုတင်၊ မောင်မောင်က ခေါက်ခုတင်နှင့် အိပ်ကြလေ၏။ ကျွန်ုပ်မှာမူ အိပ်ရာသို့ ဝင်ရသော်လည်း အိပ်ပျော်အောင် မအိပ်ဝံ့ချေ။ မရဏ အနိုပ်သည်ကို တွေးမိတိုင်း ကြက်သီးထလျက်ရှိရာ၊ မောင်မောင်၏ မျက်လုံးများကို ကြည့်ရခြင်းမှာလည်း စိတ်အေးဖွယ်ရာ မရှိချေ။ သို့ဖြစ်၍ ကျွန်ုပ်သည် ခုတင်ပေါ် တွင် ကွေးနေရသော်လည်း နားတစွင့်စွင့် ရှိနေရ၏။ မျက်လုံးများမှာမူ မောင်မောင်က မီးခွက်ကို ငြိမ်းထားလိုက်သောကြောင့် အသုံးမဝင်တော့ချေ။

အိပ်ရာသို့ ဝင်ကြပြီးနောက် ကျွန်ုပ်နှင့် ၅ တောင်ခန့်လောက် အကွာတွင် အိပ်သော မောင်မောင်က နာရီဝက်ခန့် အကြာတွင် "ကိုကိုကြီး အိပ်ပြီလားဗျ" ဟု မေး၏။

ကျွန်ုပ်က "မအိပ်သေးပေါင်ဗျာ" ပြန်ပြော၏။ နောက်နာရီဝက်ခန့် ကြာပြန် သော် "ကိုကိုကြီး အိပ်ပြီလားဗျ" ဟု မေးမြန်းရာ "မအိပ်သေးပေါင်ဗျာ" ဟု ပြန်ပြောလိုက်၏။ တတိယအကြိမ် မေးမြန်း၍ မအိပ်သေးကြောင်း ပြန်ပြောလိုက် သောအခါ မောင်မောင်က "အိပ်ခဲရန်ကောဗျာ" ဟု ပြော၏။ သို့ဖြစ်၍ စတုတ္ထ အကြိမ် မေးမြန်းသောအခါတွင် ကျွန်ုပ်သည် ဘာမျှ ပြန်မပြောဘဲ ဆိတ်ဆိတ် နေလိုက်၏။ ထိုအခါ ခေါက်ခုတင်မှ ကျိုးကျိုးကျွိကျွိ မြည်သော အသံကို ကြား သည်နှင့် ကျွန်ုပ်သည် ခုတင်မှ ဖြည်းညင်းစွာဆင်း၍ နံဘေးတွင် ဝပ်နေလိုက်၏။ ထိုခဏ၌ ဖြည်းညင်းစွာ လှမ်းလာသဖြင့် တရှပ်ရှပ်မြည်သော ခြေသံများကို မှောင် ထဲ၌ ကြားရလေရာ၊ ခြေသံသည် ကျွန်ုပ်၏ ခုတင်အနီးသို့ တဖြည်းဖြည်း ချဉ်းကပ် လာလေ၏။ နောက်ဆုံး၌ ခုတင်ရှိရာသို့ ရောက်၍ ခေါင်းအုံးများကို လက်ဖြင့် ဖြည်းညင်းစွာ စမ်းသပ်သံများကို ကျွန်ုပ်သည် ဝပ်လျက်နေရာမှ ကြားရ၏။ ခေါင်း အုံးပေါ်၌ ဘာမျှ မတွေ့ရသောအခါ "ဟာ ဟာ ဟာ တယ်ပါးတဲ့လူပဲ၊ ဘယ်ဆီ များ ရောင်နေသလဲ မဆိုနိုင်ဘူး" ဟု တီးတိုးရယ်မောကာ ပြောလျက်၊ အခန်းပြင်

mgyoe.com

mgyoe.com

သို့ တဖြည်းဖြည်း ထွက်သွားလေ၏။

ကျွန်ုပ်သည် မောင်မောင်၏ နောက်မှ လျှို့ဝှက်စွာ လိုက်ပါသွားလေရာ မောင်မောင်သည် အခန်း အပြင်သို့ ရောက်သောအခါ၌ "ကိုကိုကြီးကို မပြရရင် မသန်းခင်ကို ပြလေမှပဲ" ဟု တီးတိုး ပြောသံကြားရ၏။ ၎င်းနောက် ခြေသံသည် မသန်းခင် ရှိရာသို့ ဖြည်းညင်းစွာ နင်းသွားရာ ကျွန်ုပ်လည်း ထက်ကြပ်မကွာ လိုက်သွားလေ၏။ မသန်းခင်၏ အခန်းသို့ ရောက်သောအခါ တံခါးကို တွန်း၍ စမ်း၏။ သို့သော်လည်း မင်းတုပ်ချထားကြောင်းတွေ့ရ၏။ ထိုအခါ မောင်မောင်သည် တစ်ယောက်ပြီးတစ်ယောက် မိမိ၏အကြံကို ဖျက်ဆီးနေကြသည်အတွက် ဒေါသခြောင်းခြောင်းထွက်ဟန် လက္ခဏာနှင့် တံခါးကို အတင်းတွန်းလေ၏။ သို့သော်လည်း မပွင့်ချေ၊ နောက်တစ်ခဏနဲ့ မောင်မောင်သည် နောက်သို့ ဆုတ်ကာ အရှိန်ယူ၍ တံခါးကို တစ်ကိုယ်လုံး ပစ်ဆောင့်သည်တွင် မခိုင်ခံ့သော မင်းတုပ် ဖြစ်သောကြောင့် တံခါးပွင့်သွားလေ၏။ အခန်းတွင်း၌ကား မသန်းခင်သည် ထိတ်လန့်တကြား နိုးလာ၍ မှန်အိမ်လက်ဖြင့် ဆွဲကာထလာသည့် အဖြစ်ကို တံခါးပေါက်မှ ကျွန်ုပ်ရိပ်ခနဲ မြင်လိုက်ရ၏။ နောက်တစ်ခဏ၌ ကျွန်ုပ်သည် မောင်မောင် အပေါ်သို့ တစ်ကိုယ်လုံး ပစ်လှဲကာ နှစ်ယောက်သား ထွေးကြလေ၏။

ကျွန်ုပ်သည် မောင်မောင်ထက် ခွန်အားဗလ ကြီးသောကြောင့် အလွယ်တကူ နိုင်လိမ့်မည်ထင်ခဲ့၏။ သို့ရာတွင် သူရူးတို့မည်သည်မှာ အားပို၍ ထွက်လာတတ်ရာကား၊ ပထမ တစ်မိနစ်ခန့်တွင် မောင်မောင်သည် ကျွန်ုပ်ကိုပင် လွင့်စဉ်အောင် တွန်းပစ်နိုင်၏။ သို့ရာတွင် ကျွန်ုပ်က ကပ်ကာကပ်ကာ ကျောဝင်ဖက်ထား၍ ၎င်း၏ လက်များကို စိစိပါအောင် ချုပ်ထားလေရကား၊ နောက်ဆုံး၌ မောင်မောင်သည် ကျွန်ုပ်၏ လက်ထဲတွင် ကလေးသဖွယ် ပျော့၍ ကျသွား၏။ ကျွန်ုပ်သည် ကြမ်းပေါ်၌ ပက်လက်လန်လျက်ရှိသော မောင်မောင်၏ ပခုံးများကို ဖိနှိပ်ထားမိသည်နှင့် တစ်ပြိုင်နက် မောင်မောင်သည် ရူးသွပ်ခြင်း ပျောက်၍ လူကောင်း ပကတိ ဖြစ်လာပြန်လေ၏။

နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ဆရာဝန်ကို ခေါ်၍ အကျိုးအကြောင်း ပြောပြရာ၊ ဆရာဝန်သည် ကျွန်ုပ်၏ ပြုမူပုံကို လက်ဖျားခါလျက် ချီးမွမ်း၏။ အကယ်၍ မောင်မောင်၏အကြံ အထမြောက်ခဲ့ပါမူ ထိုညသည်၌ အနည်းဆုံး လူတစ်ယောက်သည် မရဏအနှိပ်သည်အကြောင်းကို လက်တွေ့ ခံစားသိရှိရတော့မည်မလွဲ ဖြစ်ချေ၏။

mgyoe.com

mgyoe.com

မောင်မောင်၏ ရှုးသွပ်ပုံမှာ လူသတ်ချင်စိတ် ဝင်နေသည့် အဆိုးဆုံးသော ရူးသွပ်ခြင်းမျိုးဖြစ်ရကား၊ နေအိမ်၌ထားရန် မသင့်လျော်ကြောင်းနှင့် ဆရာဝန်က အကြံပေးသည့်အတိုင်း အရူးထောင်သို့ ပို့ကြရ၏။

မောင်မောင်၏ ရောဂါမှာ ဦးနှောက် အပိုင်းအစ ထွက်သွားသောကြောင့် အင်္ဂါချုတ်ယွင်းသည့်အတွက် ဖြစ်ပေါ်ရသော ရောဂါဖြစ်လေရကား၊ ကုသဖို့ အလွန်ခဲယဉ်းသည်ဟု ဆရာဝန်များက ပြောကြ၏။ မောင်မောင်မှာ အရူးထောင်မှ လွတ်မြောက်သည် မရှိဘဲ၊ ထောင်ထဲ၌ပင် ဘဝဆုံးရှုံးရခြင်းကို ထောက်သဖြင့် ဆရာဝန်များ၏ ထွက်ဆိုချက် ဟုတ်မှန်မည်ဟု ယူဆဖွယ်ရှိပေသတည်း။

သူရိယမဂ္ဂဇင်း၊ ၁၉၃၇ ခု၊ ဇူလိုင်လ။

❖

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ၂
# လိုဏ်ခေါင်းနံပါတ် ၃၁

ကျွန်တော်သည် လွန်ခဲ့သော ၅ နှစ်ခန့်အခါက ပဲခူးဘူတာ ပျော်ပွဲစားရုံတွင် မော်လမြိုင်သား စစ်မှုထမ်း ဂျမဒါကိုကိုကြီးနှင့် တွေ့ဆုံမိကြသဖြင့် လွန်ခဲ့သော စစ်ကြီးအတွင်း မက်ဆိုပိုတေးမီးယား စစ်မြေပြင်အရပ်၌ ၎င်းကိုယ်တိုင် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ဝတ္ထုသွားအနေဖြင့် သူရိယမဂ္ဂဇင်းသို့ ရေးသားပေးပို့ခဲ့ဖူးသည်ဖြစ်ရာ၊ ၎င်းဝတ္ထုများတွင် ပါရှိသော အခြင်းအရာများမှာ လူငယ်များ၏ ရဲရင့်စွန့်စားခြင်းဆိုင်ရာ စိတ်ဓာတ်ကို တိုးမြှင့်မြှောက်ပင့်စေတတ်သည့်အလျောက် ကျောင်းသားသူငယ်များက ကြိုက်နှစ်သက်ကြောင်းနှင့် ထောက်ခံချက်များအပြင် ဆက်လက်ရေးသားဖို့ကိုလည်း တောင်းပန်တိုက်တွန်းကြပါပေသည်။ သို့ရာတွင် ကျွန်တော်မှာ ဂျမဒါကိုကိုကြီးနှင့် အဆက်ပြတ်သွားခဲ့သောကြောင့် ၎င်း၏ နေရပ်ကိုပင် မသိရှိဘဲဖြစ်နေခဲ့သဖြင့် ရှေးနည်းအတိုင်း ဆက်လက် ရေးသားပေးပို့ရန် အကြောင်းကြားရန်ပင် မတတ်နိုင်ဘဲရှိနေခဲ့ရာ၊ လွန်ခဲ့သော လအတွင်းတွင်မှ အောက်ပါစာနှင့်တကွ ၎င်း၏ အဖြစ်အပျက် ဝတ္ထုတစ်ပုဒ် စာတိုက်မှ ရရှိခဲ့ပေ၏။

mgyoe.com

mgyoe.com


မြစ်ကြီးနားမြို့
၁၉၃၆ ခု၊ နိုဝင်ဘာလ ၁၅ ရက်။

စာရေးအစီရင်ခံပါသည်
ဆရာကြီးရွှေဥဒေါင်းခင်ဗျား

ကျွန်တော်မှာ ခြေသလုံးတွင် လေဝင်လျက် မွေးဖွားခဲ့သူတစ်ယောက် ဖြစ်သည့်အတိုင်း မလည်ပတ်ရလျှင် ခြေသလုံးကိုက်တတ်လှသော ဝါသနာအလျောက် တိဘက်တစ်ခွင် ပြံပြံစင်အောင် လှည့်လည်ပြီးမှ ပြန်လာခဲ့ရပြန်ပါပြီ။ ကျွန်တော်၏ အဖြစ်အပျက်များကို ဆက်လက်ရေးသားရန် ဆရာက တိုက်တွန်းသောအခါများမှာ မော်လမြိုင်မြို့နေ ကျွန်တော်၏ ဆွေမျိုးများက ကျွန်တော့်ထံ ပေးပို့လိုက်သောကြောင့် ရရှိပါသည်။ ဆရာ တိုက်တွန်းသည့်အတိုင်း ကိုယ်တွေ့ အဖြစ်အပျက် ဝတ္ထုတစ်ပုဒ်ကိုလည်း ရေးသားပေးပို့လိုက်ပါသည်။ ကျွန်တော်၏ ရည်ရွယ်ချက်မှာ ကျောင်းသားလူငယ်များ၏ သူရသတ္တိကို နှိုးဆော်ရန်နှင့် ခေတ်ကာလအလျောက် စစ်မြေပြင်၌ တိုက်ခိုက်ကြပုံများကို ကွက်ကွက်ကွင်းကွင်း ထင်နိုင်မြင်နိုင်ကြစေရန် ရည်သန်ရင်းဖြစ်သည့်အတိုင်း ပူးတွဲပါအကြောင်းအရာများနှင့် နောင် ပေးပို့လတ္တံ့သော အခြင်းအရာများမှာလည်း ၎င်းရည်ရွယ်ချက်အတိုင်း အမြဲနှလုံးသွင်း၍ ရေးသားမည်ဖြစ်ပါကြောင်း၊ ဓားနှင့်သေနတ်ကိုသာလျှင် ကိုင်တွယ်လေ့ကျင့်လာခဲ့ရသူတစ်ယောက် ဖြစ်သောကြောင့် ကလောင်အတတ်၌ မကျွမ်းကျင်ပါသဖြင့် စကားချောမောရန် တာဝန်ကို ဆရာ့အား လုံးဝ လွှဲအပ်လိုက်ရပါကြောင်း။

ကိုကိုကြီး

[အောက်ပါ အဖြစ်အပျက်များမှာဂျမဒါကိုကိုကြီး၏ ကိုယ်တွေ့ အဖြစ်အပျက်များဟူ၍ ဆိုထားရာ၊ မော်လမြိုင်သားတို့ မည်သည်မှာ အကြွားအရာ၌ ဝိဇ္ဇာခိုရ်သူများဖြစ်သောကြောင့်၊ ယုံထိုက်မယုံထိုက်ကိုမူ ဖတ်ရှုသူတို့ ကိုယ်တိုင် ဆင်ခြင်ဆုံးဖြတ်ရန် ဖြစ်ပေကြောင်း။]

mgyoe.com

mgyoe.com

# ဥမင်လိုဏ်ခေါင်း နံပါတ် ၃၁

တစ်နေ့သ၌ ကျွန်ုပ်တို့၏ စစ်တပ်သည် ရန်သူ တူရကီစစ်တပ်နှင့် မျက်နှာချင်းဆိုင် ယှဉ်ပြိုင်၍ တပ်စခန်းချလျက်ရှိ၏။ ကျွန်ုပ်တို့သည် မြေကြီးတွင် ရှည်လျားသော တူးမြောင်းကြီးများ တူး၍ မြောင်းကြီး၏ နှုတ်ခမ်းတွင် သဲအိတ်များကို သုံးအိတ်လေးအိတ် ထပ်တိုင်အောင် စုပုံစီတန်းကာ ထားကြရ၏။ သဲအိတ်များမှာ ရန်သူ၏ ဘက်မှ ပစ်ခတ်သော သေနတ်ကျည်ဆန်များ၏ ဘေးရန်မှ ကာကွယ်ရန် ဖြစ်ရာ၊ သဲအိတ်များ နောက်မှ စစ်သားများသည် ရိုင်ဖယ်သေနတ်ကို ကိုယ်စီကိုယ်င ကိုင်ကာ ရန်သူဘက်မှ ဦးခေါင်းပြူသမျှကို ပစ်ခတ်ဖို့ ချောင်းနေကြရ၏။ တူးမြောင်းရှည်ကြီးအတွင်း၌ကား ကျွန်ုပ်တို့၏ စားအင်သောက်ခွက်များနှင့်တကွ အိပ်ရာနေရာများပါ အပြည့်အစုံရှိကြ၏။ တူရကီ စစ်တပ်သည်လည်း ကျွန်ုပ်တို့ရှိရာသို့ မျက်နှာမူလျက် ကျွန်ုပ်တို့နည်းတူ တူးမြောင်းများ အတွင်း၌ စခန်းချလျက်ရှိရာ၊ ကျွန်ုပ်တို့၏ ရှေ့ဆုံး တူးမြောင်းနှင့် ရန်သူဘက်မှ ရှေ့ဆုံးတူးမြောင်းမှာမူ ကိုက် ၃၀ ကျော် ၄၀ ခန့်မျှသာလျှင် ကွာခြားလျက်ရှိ၏။ တူးမြောင်းနှစ်ခု၏အကြား၌ ရှိသော ၎င်းမြေကွက်ကို ပိုင်ရှင်မရှိသော မြေကွက်ဟူ၍ ခေါ်တွင်လေရာ ညအခါများ၌ နှစ်ဖက်သော စစ်တပ်သားတို့မှ စွန့်စားခြင်းကို နှစ်သက်သော စစ်သားများသည် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ စသည်ဖြင့် အလျားမှောက်ကာ တွားသွားလျက်၊ တစ်ဖက်၌ရှိသော ရန်သူကို တတ်နိုင်သမျှ အနှောင့်အယှက်ပေးလေ့ရှိ၏။ စွန့်စားသူအချင်းချင်း တွေ့ဆုံမိကြသောအခါများ၌ လက်နှိပ်ဓာတ်မီးများ တလက်လက် သေနတ်သံ တထိန်းထိန်းအပြင်၊ ပြေးသံလွှားသံ၊ အော်သံဟစ်သံများဖြင့် ဆူဆူညံညံ ဖြစ်သွားပြီးနောက် ညဥ့်သည် ရှေ့နည်းအတိုင်း တိတ်ဆိတ်စွာ ရှိနေပြန်လေ၏။ ဝေးလံသော အရပ်၌မူကား အမြောက်ကြီးများ ပစ်ဖောက်သည်အတွက် ကြောင့် အမြောက်ဝမှ ထွက်သော မီးတောက် မီးလျှံများသည် လျှပ်ပစ်သကဲ့သို့ လက်ခနဲ ဝင်းခနဲ ရဲခနဲ ရှိနေကြ၍ မိုးချုန်းသံကဲ့သို့ မြည်ဟိန်းသော အသံများသည် လည်း လေညာမှ လွင့်ပါ၍ လာကြကုန်၏။ ထိုအခြင်းအရာများကို တွေ့မြင်ရခြင်း အားဖြင့် စစ်မြေပြင်၏ တစ်ဖက်သော စစ်မျက်နှာ၌ အကြီးအကျယ် တိုက်ခိုက်နေကြကြောင်း သိရှိရသော်လည်း ကျွန်ုပ်တို့ ရှိနေရာ အရပ်၌မူ အထက်အရာရှိများက အမိန့် မပေးသေးသောကြောင့် တူးမြောင်းအတွင်းမှ ချောင်းမြောင်းပစ်ခတ်သော အလုပ်ကိုသာလျှင် နေ့ရောညဥ့်ပါ အလှည့်ကျဆောင်ရွက်ကြရ၏။

mgyoe.com

mgyoe.com

တစ်နေ့သော ညနေခင်း အချိန်၌ ကျွန်ုပ်နှင့် အရာရှိငယ်အချို့တို့သည် မြေကတုတ်အတွက် သဲအိတ်များ စုပုံခြင်းအလုပ်ကို စီမံလျက်ရှိကြစဉ် ဥမင်လိုဏ်ခေါင်းတူးခြင်းဆိုင်ရာဘက်မှ စစ်သားတစ်ယောက်ရောက်လာ၍ ကျွန်ုပ်တို့ထံ လာရောက်လည်ပတ်လျက်ရှိသော ကုလားစစ်ဘာရီ အရာရှိ ဂူလပ်ဆင်ကို ဆလန် ပေးကာ စာတစ်စောင်ပေးလေ၏။ ဂူလပ်ဆင်ဆိုသူမှာ ဆပ္ပားမိုင်းနား စစ်တပ်မှ အရာရှိကလေးတစ်ယောက်ဖြစ်၍ ကျွန်ုပ်နှင့် အလွန်တရာ ချစ်ကျွမ်းဝင်သည် အလျောက် အားလပ်သော အချိန်များတွင် တစ်ယောက်ထံသို့တစ်ယောက် သွားရောက် လည်ပတ်လေ့ရှိကြလေ၏။

ဂူလပ်ဆင်သည် စာကိုဖတ်ပြီးနောက် ဥမင်လိုဏ်ခေါင်း နံပါတ် ၃၁ အခက်အခဲ တစ်ခု တွေ့ကြုံနေရသောကြောင့် သွားရောက်စုံစမ်းကြည့်ရှုရန် ၎င်း၏အထက် အရာရှိက အမိန့်ပေးသော စာဖြစ်ကြောင်းနှင့် ကျွန်ုပ်အား ပြောပြပြီးလျှင် ဥမင်လိုဏ်ခေါင်းများ အကြောင်းသိလိုလျှင် ၎င်းနှင့်အတူ လိုက်ပါကြည့်ရှုရန် ကျွန်ုပ်အား ခေါ်ငင်လေ၏။ ကျွန်ုပ်မှာ စစ်တပ်နှင့်ဆိုင်ရာ ဗဟုသုတဟူသမျှကို ဆည်းပူးလိုသော ဝါသနာရှိသည်အတိုင်း အထက်အရာရှိထံမှ ခေတ္တခဏအတွက် အခွင့်တောင်း ခံပြီးနောက် အတူလိုက်ပါသွားလေ၏။

ဤနေရာ၌ ဥမင်လိုဏ်ခေါင်းများအကြောင်းကို အနည်းငယ် ဖော်ပြရန် လိုပေသည်။ ကျွန်ုပ်တို့ စစ်တပ်ဘက်မှလည်းကောင်း၊ ရန်သူစစ်တပ်ဘက်မှ လည်းကောင်း၊ မြေကြီးအောက်တွင် ဥမင်လိုဏ်ခေါင်းများ တူးဖော်၍ တစ်ဖက်ကိုတစ်ဖက် တတ်နိုင်သမျှ အနှောင့်အယှက် ပြုကြခြင်းမှာ စခန်းချထားသော စစ်တပ်တို့၏ ဓမ္မတာ ဖြစ်ချေ၏။ ထိုကဲ့သို့ ဆောက်လုပ်ကြသော ဥမင်လိုဏ်ခေါင်းများမှာ နှစ်မျိုးနှစ်စား ရှိ၏။ ပထမ အမျိုးမှာ ရန်မူရန်အတွက်ဖြစ်၍၊ ဒုတိယ အမျိုးမှာ ခုခံကာကွယ်ရန်အတွက်ဖြစ်၏။ ရန်မူရန်အတွက် ဥမင်လိုဏ်ခေါင်းနှင့် ခုခံကာကွယ်ရန် အတွက် ဥမင်လိုဏ်ခေါင်းတို့မှာ တစ်ခုနှင့်တစ်ခု ၁၀ ကိုက် ၁၅ ကိုက် စသည်ဖြင့် ကွာခြား၍ ရန်သူရှိရာသို့ ဦးတိုက်ကာ မြေအောက်မှ ဖောက်ထွင်းသွားရလေသည်။ ရန်မူရန်အတွက် ဥမင်လိုဏ်ခေါင်းများမှာ ရန်သူစစ်တပ်ဆီသို့ တတ်နိုင်သမျှ နီးကပ်ချဉ်းကပ်အောင်ဖြစ်စေ၊ ရန်သူစစ်တပ်၏ အောက်တည့်တည့်သို့ ရောက်အောင်ဖြစ်စေ၊ တိတ်တဆိတ် ဖောက်သွားပြီးနောက် သင့်တော်လောက်ပြီဟု ခန့်မှန်းမိသောအခါတွင် လိုဏ်ခေါင်း၏အဆုံး၌ ဗိုင်းနမိုင်းနှင့်တကွ သံတိုမယ်န စသည်တို့ကို မြောက်မြားစွာ စုပုံပြီးလျှင် စနက်တံဖြင့် မီးရှို့ရလေသည်။ ထိုအခါ

mgyoe.com

mgyoe.com

ပြင်းထန်လှစွာသော အသံဖြင့် ပေါက်ကွဲ၍ အပေါ်ယံ မြေပြင်၌မရှိသော ရန်သူ စစ်သားတို့မှာ အစိတ်စိတ် အမြွှာမြွှာ အတုံးတုံး အတစ်တစ် ဖြစ်ပြီးလျှင် သေခြင်း မလှ သေရှာကြရလေသည်။

ဤနည်းမှာ နှစ်ဖက်စလုံးက အသုံးပြုသောနည်းဖြစ်သောကြောင့် ကျွန်ုပ်တို့ စစ်သားများမှာ တူးမြောင်းထဲ၌ ရှိနေကြစဉ်တွင် မြေပြင်မှ ရန်သူကိုသာမက မြေအောက်မှ ဥမင်လိုဏ်ခေါင်းကိုလည်း ကြောက်ကြရလေသေးရကား စစ်သားများ၏ ဘေးအန္တရာယ် ထူထပ်သော အဖြစ်ကို တွေးတောဆင်ခြင်နိုင်ရန် မခက်ခဲလှပေ။

တစ်ဖက် စစ်တပ်မှ တူးထားသော ဥမင်လိုဏ်ခေါင်းနှင့် အခြားဘက် စစ်တပ်မှ တူးလာသော ဥမင်လိုဏ်ခေါင်းများသည် မြေအောက်တွင် 'လက်ယှက်' သဖွယ် တစ်ခုနှင့်တစ်ခု ယှဉ်ကပ်ကာ ရှိနေကြရာ တစ်ခါတစ်ရံ ဥမင်လိုဏ်ခေါင်းချင်း တွေ့ဆုံမိသဖြင့် မိုးကို မမြင်ရသည့် မြေအောက်စစ်ပွဲကလေးများကို တိုက်ခိုက်ကြရလေသည်။

ဒုတိယအမျိုးဖြစ်သည့် ခုခံကာကွယ်ရေးအတွက် ဖောက်လုပ်သော ဥမင်လိုဏ်ခေါင်းများမှာမူ ရန်သူစစ်တပ်အောက်သို့ ရောက်စေရန် ရည်ရွယ်ချက် မရှိချေ။ ၎င်းတို့မှာ ရန်သူဘက်မှ ဖောက်လာသော လိုဏ်ခေါင်းများကို စောင့်၍ ဖျက်ဆီးရန်မျှသာ ဖြစ်လေသည်။ ရန်သူဘက်မှ တူးသံဆွသံများကို ၎င်းလိုဏ်ခေါင်းများအတွင်းမှ စောင့်ကြပ် နားထောင်နေသူတို့ ကြားရသောအခါတွင် အထက်သို့ မပေါက်ကွဲစေဘဲ နံဘေးသို့ ပေါက်ကွဲစေတတ်သော ဒိုင်းနမိုင်းမျိုးကို ထည့်၍ စနက်တံဖြင့် မီးရှို့ရလေသည်။ ထိုအခါ ရန်သူ ဥမင်လိုဏ်ခေါင်းသည် ကိုက်ပေါင်းများစွာ ပြိုပျက်၍ ရက်ပေါင်းများစွာ တူးဆွလာခဲ့ရသော လုပ်ငန်းသည် အချည်းနှီးဖြစ်သွားလေတော့၏။ ဥမင်လိုဏ်ခေါင်းများမှာ နှစ်ဖက်စလုံး၌ အမြောက်အမြားရှိနေသောကြောင့် အရာရှိများ အလွယ်တကူ ခွဲခြားသိရှိနိုင်စေခြင်းငှာ နံပါတ်များဖြင့် မှည့်ခေါ်ထားကြလေသည်။ သို့ဖြစ်၍ ကျွန်ုပ်နှင့် ဂူလပ်ဆင်တို့ လိုက်သွားကြသော လိုဏ်ခေါင်းမှာ နံပါတ် ၃၁ ဖြစ်လေသည်။

ဂူလပ်ဆင်မှာ အသက် ၃၀ ကျော်ခန့်ရှိ၍ အရပ်အမောင်း ထောင်ထောင်မောင်းမောင်းနှင့် ခွန်အားဗလ ကြီးမားသူတစ်ယောက် ဖြစ်လေသည်။ ထိုသူသည် ခွန်အား ကြီးသလောက် သတ္တိကောင်းသူတစ်ယောက် ဖြစ်လေရာ ၎င်း၏ စွမ်းရည်သတ္တိမှာ ဖော်ပြလတ္တံ့သော အဖြစ်များအားဖြင့် ထင်ရှားမည်ဖြစ်သောကြောင့် အထူး

mgyoe.com

ဖော်ထုတ်ရေးသားရန် မလိုပေ။

ကျွန်ုပ်နှင့် ဂူလပ်ဆင်တို့သည် နံပါတ် ၃၁ ဥမင်လိုဏ်ခေါင်း၏ အဝသို့ ရောက်ကြသောအခါ မြေပြင်မှ တွင်းအောက်သို့ ရောက်စေရန် ကြိုးများတပ်ဆင်ထားသော ခြင်းတောင်းများဖြင့် တစ်ယောက်စီ ဆင်းသက်ကြလေ၏။ အောက်သို့ ရောက်ကြသောအခါ ရန်သူစစ်တပ်ဘက်သို့ သွယ်ဖောက်ထားသော လိုဏ်ခေါင်းကို တွေ့ကြ၍ ဂူလပ်ဆင်က ရှေ့မှ ကျွန်ုပ်က နောက်မှ လိုဏ်ခေါင်းတစ်လျှောက် လျှောက်သွားကြလေ၏။ လိုဏ်ခေါင်းမှာ မှောင်နှင့်မည်းမည်း ရှိနေသော်လည်း လမ်းမှားနိုင်ဖွယ်ရာ မရှိသောကြောင့် ကျွန်ုပ်တို့ နှစ်ယောက်သည် နံဘေး တစ်ဖက်တစ်ချက်၌ရှိသော နံရံကို လက်ဖြင့် စမ်းသပ်ကာ ဖြည်းညင်းစွာ လျှောက်ကြလေ၏။

၁၀ ကိုက်ခန့် သွားမိကြသောအခါ မီးရောင် တစ်ခုကို တွေ့မြင်ကြရပြီးနောက် မကြာမီအတွင်း မှန်အိမ် တစ်လုံးနှင့် စောင့်နေသော စစ်သား အလုပ်သမား နှစ်ယောက်ရှိရာသို့ ရောက်ကြလေ၏။

ဆင်။ ။ "ဘယ့်နှယ်လဲဟေ့ ဘာသံကြားသလဲ"

စစ်သား။ ။ "ဘာသံမှ မကြားတာ လေးနာရီလောက် ရှိပြီဆပ်၊ သူတို့ဘက်က ဖောက်ခွဲဖို့ပြင်နေတယ်လို့ ထင်တယ်"

ထိုအခါ ကျွန်ုပ်သည် ဂူလပ်ဆင်အား အကျိုးအကြောင်းမေးကြည့်ရာ နံရံတစ်ဖက်မှ ရန်သူ၏ ဥမင်လိုဏ်ခေါင်း တူးသံများကို ကြားကြရကြောင်း၊ ယခုကဲ့သို့ ငြိမ်သက်နေခြင်းမှာ ရန်သူများသည် ၎င်းတို့ဘက်မှ ဒိုင်းနမိုင်းနှင့် ဖောက်ခွဲရန် ပြင်ဆင်နေကြခြင်း ဖြစ်နိုင်ကြောင်းနှင့် ဂူလပ်ဆင်က ကျွန်ုပ်အား ပြန်ပြောသဖြင့် သိရှိရ၏။

ဆင်။ ။ "မင်းတို့ဆရာကော"

စစ်သား။ ။ "အတွင်းဘက်မှာဆပ်"

ဆင်။ ။ "ကိုင်း လာဗျာ ကိုကိုကြီး ရှေ့သွားကြည့်ကြရအောင်"

ကျွန်ုပ်မှာ ဘေးအန္တရာယ်ဖြစ်နိုင်ကြောင်းကို ရိပ်မိသဖြင့် စိတ်ခပ်လေးလေး ရှိနေသော်လည်း ကုလားများအထဲ၌ မြန်မာတစ်ယောက်က ကြောက်သွေးမပြလိုသောကြောင့် ဇွတ်မှိတ်ကာ လိုက်သွားလေ၏။ ကျွန်ုပ်တို့ ယခု လျှောက်ဝင်လျက်ရှိသော နံပါတ် ၃၁ ဥမင်လိုဏ်ခေါင်းမှာ လိုဏ်ခေါင်းနှစ်မျိုးအနက် ရန်မှုရန်အတွက် ဥမင်လိုဏ်ခေါင်းမျိုး ဖြစ်သောကြောင့် ရန်သူစစ်တပ်ဆီသို့ တတ်နိုင်သမျှ နီးကပ်အောင် ဖောက်လုပ်ရမည့် လိုဏ်ခေါင်းမျိုး ဖြစ်လေသည်။ ဤလိုဏ်ခေါင်းမျိုး

mgyoe.com

mgyoe.com

အတွင်း၌ ကြုံတွေ့ရတတ်သော ဘေးအန္တရာယ်မှာ ရန်သူဘက်လိုဏ်ခေါင်းအတွင်း ဒိုင်းနမိုင်းနှင့် ဖောက်ခွဲ ဖြိုဖျက်တတ်သည့် ဘေးအန္တရာယ်ပင်ဖြစ်ပေ၏။

၁၀ ကိုက်ခရီးမျှ ဆက်လက်လျှောက်သွားမိကြပြန်သောအခါ ရှေးနည်းအတူ မှန်အိမ်တစ်လုံးနှင့် နားထောင်လျက် ရှိကြသော စစ်သားနှစ်ယောက်ကို တွေ့ရပြန်လေ၏။ ဥမင်လိုဏ်ခေါင်းမှာ အချို့သော နေရာများ၌ နံဘေးတစ်ဖက်တစ်ချက်သို့ နှစ်ကိုက်သုံးကိုက်တိုင်အောင် တိုးဝင်သွားသော လိုဏ်ခေါင်းလက်တက်ကလေးများရှိရာ ၎င်းတို့မှာ ရန်သူဘက်မှ တူးဖောက်လာသော ဥမင်လိုဏ်ခေါင်းများ ရှိနေက ကြားနိုင်ရန် နားထောင်ဖို့အတွက် ဖြစ်လေသည်။ ကျွန်ုပ်တို့ ရောက်သွားသောအခါ၌ စစ်သားနှစ်ယောက်အနက် တစ်ယောက်သည် လိုဏ်ခေါင်းလက်တက်တစ်ခုထဲတွင် နားထောင်လျက်ရှိ၏။

ဆင်။ ။ "ဘာကြားရသလဲဟေ့"

စစ်သား။ ။ "မကြားတာ အတော်ကြာသွားပြီ ဆပ်၊ စောစောတုန်းကတော့ ကြားရသလိုလိုပဲ"

ဆင်။ ။ "ဖယ်စမ်း ငါ နားထောင်စမ်းမယ်၊ မင်းတို့နှစ်ယောက် သွားကြတော့၊ ငါနားထောင်ပြီးတော့မှ ဘယ်လို လုပ်သင့်တယ်ဆိုတာ ငါအမိန့်ပေးမယ်"

စစ်သားနှစ်ယောက်တို့သည် ဝမ်းမြောက်ဟန်ရှိသော အမူအရာနှင့် ထွက်သွားကြလေရာ၊ ကျွန်ုပ်မှာ မီးအိမ်နှင့် မနီးမဝေးတွင် ရပ်လျက် ဂူလပ်ဆင်သည် လက်တက် လိုဏ်ခေါင်းကလေးထဲသို့ ဝင်၍ နားကို နံရံတွင် ကပ်ထားပြီးလျှင် နှစ်မိနစ်ကျော် သုံးမိနစ်ခန့် ငြိမ်ဝပ်စွာ နားထောင်လျက် ရှိလေ၏။ နောက်ဆုံး၌ ဂူလပ်ဆင်သည် စိတ်ကျေနပ်ဟန်ရှိသော အမူအရာဖြင့် နားနှင့်နံရံ ခွာလိုက်သည်နှင့် တစ်ပြိုင်နက် အုံးခနဲ မြည်သော အသံကြီးကို ကြားရပြီးလျှင် မြေကြီးမှာလည်း သိမ့်သိမ့်တုန်၍သွားလေ၏။

နောက်တစ်ခဏ၌ ဂူလပ်ဆင်မှာ အရှိန်ပြင်းစွာနှင့် တွန်းပစ်လိုက်ဘိသကဲ့သို့ ဒရောသောပါး ဆိုက်ရောက်လာလေရာ ကျွန်ုပ်မှာ ၎င်း၏ ပြင်းထန်သော ကိုယ်အရှိန်ကို မခံမရပ်နိုင်သဖြင့် မြေပေါ်သို့ နှစ်ယောက်စလုံး ကျွမ်းပြန်ကျသွားလေ၏။ ထိုအခါ၌ကား စစ်သားများ ထားခဲ့သော မီးအိမ်မှာ ငြိမ်းသွားပြီ ဖြစ်သောကြောင့် လိုဏ်ခေါင်းတစ်ခုလုံး မှောင်အတိကျလျက်ရှိနေလေ၏။ လူးလဲကာ ထပြီးနောက်

"ဘာဖြစ်တာလဲ ဂူလပ်ဆင်"

mgyoe.com

"ကျုပ်တော့ဖြင့် မသိဘူး၊ ဘုရားသခင်မှ သိမှာပဲ၊ ခင်ဗျားမှာ မီးခြစ်ပါ သလား"

"လေးငါးဆံလောက် ကျန်သေးထင်တယ်"

"ပေးစမ်းဗျာ"

ဂူလပ်ဆင်သည် မီးခြစ်ကို လှမ်းယူ၍ တစ်ဆံကို ခြစ်လိုက်ရာ အလွန် မှောင်မိုက်သော အရပ်၌ မီးခြစ်တစ်ဆံ၏ အလင်းရောင်သည် မည်မျှလောက် အရာ မရောက်ကြောင်းကို ကြုံဖူးမှ သိကြပေမည်။ မီးခြစ် နှစ်ဆံခန့် ကုန်အောင် ခြစ်ပြီး နောက် ကျွန်ုပ်နှင့် ဂူလပ်ဆင်တို့သည် လိုဏ်ခေါင်း၏အဝသို့ တဖြည်းဖြည်း လျှောက်သွားကြလေ၏။ ၁၀ လှမ်းခန့်မျှ မသွားရသေးမီ ရှေ့က သွားသော ဂူလပ် ဆင်သည် ရုတ်တရက် တန့်ရပ်၍ မီးခြစ်တစ်ဆံကို ခြစ်လေ၏။

"ဘာဖြစ်တာလဲ ဂူလပ်ဆင်"

"အဲဒါမှ ခက်တာပဲဗျာ၊ လိုဏ်ခေါင်းပြိုကျလို့ ကျုပ်တို့ နှစ်ယောက် လမ်း ပိတ်နေပြီ ကိုကိုကြီး"

"ဟုတ်မှ ဟုတ်ကဲ့လား၊ မီးခြစ်စမ်းပါဦးဗျာ"

ထိုအခါ ဂူလပ်ဆင်သည် မီးခြစ်တစ်ဆံ ထပ်မံ၍ ခြစ်ပြန်ရာ လိုဏ်ခေါင်းမှာ မြေကြီးများ ပိတ်ဆို့နေသောကြောင့် လူကို မဆိုထားဘိ ကြွက်တစ်ကောင်မျှပင် ထွက်ရန် လမ်းမရှိသည့် အဖြစ်ကို တွေ့မြင်ကြရလေ၏။

"ကိုင်းတစ်ခါ ဘယ့်နှယ် လုပ်ပမယ်"

"ဘယ့်နှယ်မှ လုပ်စရာမရှိဘူး၊ ဒီအတိုင်း စောင့်နေကြရုံရှိတာပဲ၊ သို့သော် ကျုပ်တို့ ဒီမှာရှိတဲ့ အကြောင်းကို ဟိုလူတွေသိသွားတယ်၊ ဒီတော့ သူတို့က အပြင် က ဖော်ထုတ်ယူကြကောင်းပါရဲ့ဗျာ"

"ယူရင်ယူ မယူရင်တော့ ကျုပ်တို့ သေဖို့ပဲ"

"သေတာလောက်တော့ အရေးမကြီးပါဘူးဗျာ၊ ပွဲထဲက ပြောတာလို စောစောတောင် အိပ်ရသေးရဲ့၊ နို့ပေမဲ့ ရုတ်တရက် မသေဘဲနဲ့ ရေအငတ်ငတ် အစာအငတ်ငတ်နဲ့ ကြာရှည်ကြီး ဒုက္ခခံနေရမှာ ကျုပ်က ကြောက်တာပါပဲ"

"ဒါတော့ မစိုးရိမ်နဲ့ဆရာ ကျုပ်မှာ ခြောက်လုံးပြူးပါတယ်၊ တကယ့် တကယ်ဆိုကော့ အကြာကြီး ဝေဒနာ ခံမနေဘူး၊ မျက်စိ မှိတ်ပြီး မောင်းတစ်ချက် ကုတ်လိုက်ရင် ကိစ္စချောနိုင်တာပဲ"

"မလွဲသာရင် ဒီနည်း အားကိုးရမှာပဲဗျာ၊ ကိုင်းခုမှတော့ ဟိုရှာ ဒီရှာ လုပ်နေ

mgyoe.com

mgyoe.com

လို့ အပိုပဲ ဆရာကြီး၊ မီးခြစ်ကလေး မကုန်သေးခင် ဆေးလိပ်ကလေး ၀အောင် သောက်ထားလိုက်ကြဦးစို့"

သေရမည့် ဘေးသည် အဝေးမှ ဆင်ခြင်သည်အခါ ကြောက်မက်ဖွယ်ရာ ကောင်းလှသည် မှန်သော်လည်း သတ္တိကောင်းသူများ အဖို့မှာမူကား နီးကပ် လေလေ ကြောက်ဖို့ သတိမရလေလေ ဖြစ်ပေ၏။ ကျွန်ုပ်နှင့် ဂူလပ်ဆင်တို့မှာ တုန်လှုပ်သော အခြင်းအရာကို တစ်ယောက်အားတစ်ယောက်ပြသည်မရှိဘဲ ခပ် အေးအေး အရေးမလုပ်လေဟန် လေသံခပ်တင်းတင်း စိတ်ထားခပ်ပြင်းပြင်း ရှိနေ ကြလေရကား၊ တစ်ယောက်၏ အမူအရာသည် တစ်ယောက်ကို အားပေးသကဲ့သို့ ရှိနေလေ၏။ အကယ်၍ တစ်ယောက်ယောက်က ကြောက်စိတ်ပြခဲ့ပါမူ ဒုတိယ လူမှာလည်း တုန်လှုပ်ရမည်မှာ မလွဲဖြစ်ချေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့နှစ်ယောက် အသီးသီး ဆေးလိပ်သောက်လျက်ရှိကြစဉ်၊ ကြောက်ရွံ့သော စကားမျိုးကို လေသံ မျှ မလပ်စေဘဲ၊ ဂူလပ်ဆင်ကမူ ရွှန်းပြက်ပြက် စကားမျိုးကိုပင် ပြောဆိုနိုင်သေး သဖြင့် ကျွန်ုပ်က အတုခိုးရပေသေး၏။

ကျွန်ုပ်တို့ နှစ်ယောက်သည် ဟိုတယ်၌ စားပွဲထိုင်နေကြသည်အလားကဲ့ သို့ ရယ်မောဖွယ်စကားများ ညှပ်၍ ပြောနေကြစဉ် လိုဏ်ဝဘက်မှ မဟုတ်ဘဲ အတွင်းဘက်ဆီမှ လက်ခနဲ လင်းသွားသော မီးရောင်တစ်ခုကို မြင်ရသဖြင့် ဂူလပ် ဆင်က "ရှူး"ခနဲလုပ်၍ တိတ်တိတ်နေဖို့ အချက်ပေးလိုက်၏။ နောက်တစ်ခဏ၌ မီးရောင်သည် ကျွန်ုပ်တို့ရှိရာသို့ တိုးလာသည်ကို မြင်သဖြင့် နှစ်ယောက်လုံးသည် လိုဏ်ခေါင်း လက်တက် ရှိရာသို့ ဝမ်းလျားထိုး၍ ဝင်လိုက်ကြလေ၏။ ကျွန်ုပ်တို့ သည် လက်တက်အတွင်းမှ ဦးခေါင်းမပြူ့တပြူလုပ်၍ လိုဏ်ခေါင်းမကြီးသို့ ကြည့် နေစဉ် လက်နှိပ်ဓာတ်မီး တစ်ခု၏ အလင်းရောင်သည် လိုဏ်ခေါင်းတစ်လျှောက် တိုးဝင်သွားသည်ကို တွေ့မြင်ရ၏။ မီးရောင် လာရာအရပ်သို့ မျှော်ကြည့်လိုက် သောအခါ၌မူကား ၎င်းမီးရောင်သည် နံရံ၌ရှိသော အပေါက်ငယ်တစ်ခုအတွင်းမှ ဖောက်ထွက်လာခြင်း ဖြစ်ကြောင်း တွေ့မြင်ရလေ၏။ နောက်ခဏ၌ကား မီးရောင် ကွယ်ပျောက်သွားပြီးလျှင် မြေကြီးတူးဆွသော အသံများကြားရလေ၏။

ကျွန်ုပ်။ ။ "ခင်ဗျား ဘယ့်နယ်ထင်သလဲ"

ဆင်။ ။ "ရန်သူဘက်က ဒိုင်းနမိုင်းနဲ့ ခွဲလို့ လိုဏ်ခေါင်းချင်း ဆက် အသွားမှာ လူဝင်သာအောင်လို့ အပေါက်ငယ်ကို ချဲ့နေတဲ့ လက္ခဏာပဲ"

ကျွန်ုပ်။ ။ "ချဲ့ပြီးရင် သူတို့ ဝင်လာမှာပေါ့"

mgyoe.com

mgyoe.com

ဆင်။ ။ "ဒါတော့ ဇကေန်ပဲ၊ သို့သော် တစ်ယောက် နှစ်ယောက် ဝင်လာမလား၊ အများကြီး လာမလား မပြောတတ်သေးဘူး"

ကျွန်ုပ်။ ။ "ဒီတော့ ဘယ့်နှယ်လဲ"

ဆင်။ ။ "တစ်ယောက်တလေ ဝင်လာလို့ရှိရင် တိုးတိုးတိတ်တိတ် ကိစ္စပြီးအောင် ကျုပ်စီရင်မယ်၊ အများကြီး ဝင်လာလို့ရှိရင် အဖမ်းတော့ မခံကြနဲ့၊ ကျုပ်တို့ မသေခင် သူတို့ကို တတ်နိုင်သမျှ များများသတ်ဖို့ စိမ်ကြစို့"

"စိန်လိုက်ဗျာ"

ထိုနောက် လိုဏ်ခေါင်းမကြီးတစ်လျှောက် မီးရောင် တိုးဝင်လာခြင်းကို ကျွန်ုပ်တို့ တွေ့မြင်ရပြန်လေရာ၊ ကျွန်ုပ်တို့သည် လက်တက်အတွင်းမှ ကုပ်၍ကြည့်နေကြစဉ် လက်နှိပ်ဓာတ်မီး တစ်ခုသည် ကျွန်ုပ်တို့ ရှိရာသို့ လိုဏ်ခေါင်းမကြီးတစ်လျှောက် တရွေ့ရွေ့ လာလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ဆင်။ ။ "တစ်ယောက်တည်းနဲ့တူတယ် ကိုကိုကြီး၊ ကျုပ် စီရင်လိုက်မယ်၊ ခင်ဗျား အသာနေ"

ကျွန်ုပ်။ ။ "ခြောက်လုံးပြူးနဲ့ စီရင်ပါလားဗျ"

ဆင်။ ။ "မဖြစ်ဘူးဆရာ၊ သေနတ်သံကြားရင် သူတို့ဘက်က လူတွေပြုလာကုန်လိမ့်မယ်၊ တစ်ယောက်တစ်ယောက်ချင်းဆိုရင် မပူပါနဲ့၊ ကျုပ် နိုင်ပါတယ်"

လိုဏ်ခေါင်း လက်တက်အတွင်း၌ ဂူလပ်ဆင်က ရှေ့မှ ကျွန်ုပ်က ၎င်း၏နောက်မှ စောင့်ဆိုင်းနေကြစဉ် လက်နှိပ်ဓာတ်မီးသည် နီးသည်ထက် နီးလာ၍ လူတစ်ယောက်တည်း အသက်ပြင်းပြင်း ရှူရှိုက်သံများကိုပင် ကျွန်ုပ် ကြားရ၏။ လက်နှိပ်ဓာတ်မီးသည် လက်တက်ရှေ့သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ဝုန်းခနဲ အသံကို ကြားလိုက်ရ၍ ရုတ်တရက် မီးငြိမ်းသွားပြီးလျှင် လုံးထွေးသတ်ပုတ်နေကြသော အသံများကို ကြားရလေ၏။ ထိုနောက် 'အစ် အစ် အင်း အင်း' မြည်သံများ၊ 'ဂူး ဂူး ဂဲ ဂဲ' မြည်သံများ၊ မြေကြီးကို ခြေနှင့် ကန်ကျောက်သော အသံများ၊ အွပ်ခနဲ မြည်သံများကို မှောင်မိုက်ထဲ၌ ကြားရပြီးနောက် 'အုံး'ခနဲ မြေပေါ်သို့ ပစ်လှဲသံ တစ်ချက်ကို ကြားရပြီးလျှင် တိတ်ဆိတ်စွာ ရှိနေလေ၏။

ထိုအခါ ကျွန်ုပ်က "ဂူလပ်ဆင် ဘယ့်နှယ်လဲ" ဟု တီးတိုးမေးလိုက်ရာ မောဟိုက်နေသော အသံဖြင့် "ကိစ္စပြီးပြီ" ဟု ပြန်ပြောသည်ကို ကြားရ၏။

"သေပြီလား"

mgyoe.com

mgyoe.com

"စင်းစင်းပဲ"

"တော်တဲ့ လူပဲ"

"ချိုးမွမ်းမနေစမ်းနဲ့ဗျာ၊ သူ့ခြေထောက် တွေ့အောင်စမ်းပြီး၊ လက်တက်ထဲ ဆွဲသွင်းထားလိုက်ဗျာ"

"ဘာကြောင့်လဲ"

"တော်တော်ကြာ နောက်တစ်ယောက် လာဦးမယ်၊ ဒီအလောင်းတွေ့ရင် ကျွန်ုပ်တို့ ပုန်းလို့ မလုံဘဲနေမယ်"

ထိုအခါ ကျွန်ုပ်သည် ရန်သူအလောင်း၏ ခြေထောက်ကို တွေ့အောင် လက်နှင့်စမ်းသပ်၍ လက်တက်လိုဏ်ခေါင်းတွင်းသို့ ဆွဲသွင်းထားလိုက်ရလေ၏။ ဂူလပ်ဆင်ကမူ ရန်သူလက်မှ လွတ်ကျသော လက်နှိပ်ဓာတ်မီးကို ကောက်ယူ၍ ကျွန်ုပ်အား လမ်းပြပေးလေ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် ဂူလပ်ဆင်၏လက်မှ ဓာတ်မီးကို လှမ်းယူ၍အလောင်း၏ နံဘေး၌ သွေးများယိုစီးထွက်နေသည်ကို တွေ့မြင်ရလေ၏။ ဂူလပ်ဆင်မူကား လက်၌ကိုင်ထားသော မောင်းချဓားကြီးမှ သွေးများကို အလောင်း၏ အဝတ်ဖြင့် သုတ်သင်၍ ဓားကို မောင်းချပြီးနောက် အိတ်ထဲသို့ ထည့်လိုက်လေ၏။

ဆင်။ ။ "တစ်ယောက်ရန်သူတော့ ချောပြီ၊ နောင်ရေးပဲ လိုတော့တယ်၊ ခင်ဗျား ဘယ့်နှယ်ကြံမလဲ"

နုပ်။ ။ "နောက်ထပ်ပြီး ဒါမျိုး တစ်ယောက်ရရင် တော်လေရဲ့ဗျာ"

ဆင်။ ။ "ဘာလုပ်ဖို့လဲ"

နုပ်။ ။ "သူတို့အဝတ်ကို ကျုပ်တို့လဲဝတ်ပြီး လိုဏ်ခေါင်းက လျှောက်လိုက်သွားရင် သူတို့ဘက်ရောက်မှာပေါ့ဗျ"

ဆင်။ ။ (ကျွန်ုပ်၏ လက်ကို ဆွဲလှုပ်လျက်) "တော်တယ်ဗျို့၊ ခင်ဗျား အကြံ တော်တော်ကြာ မှောင်မှာနဲ့ဆိုတော့ သူတို့လူစုထဲ ထွေးလားလုံးလား ရောနှောနေလိုက်ရင်၊ ဟန်ချင်ဟန်မယ်၊ နို့ပြီးတော့မှ ချက်ကောင်းရှာပြီး အလစ်ထွက်ပြေးခဲ့၊ ဒီလို မဟုတ်လား ခင်ဗျား အကြံ"

နုပ်။ ။ "အစစ်ပဲ"

ဆင်။ ။ "သို့သော် စစ်ဥပဒေကို ခင်ဗျား သိတယ်မဟုတ်လား"

နုပ်။ ။ "သိပါတယ်ဗျာ၊ နို့ပေမဲ့ သေတစ်လမ်း ရှင်တစ်လမ်းပေါ့၊ ဘယ်တတ်နိုင်မလဲ"

mgyoe.com

စစ်ဥပဒေမှာမူကား၊ စစ်သား တစ်ယောက်သည် မိမိတို့ စစ်တပ်ယူနီဖောင်း အဝတ်နှင့် ဖမ်းဆီးရမိခဲ့လျှင် အကျဉ်းသမားမျှသာဖြစ်၍၊ နောင်စစ်သားချင်း လဲလှယ်သည့်အခါတွင် လွတ်လပ်ခွင့် ရနိုင်ရာ၊ ရန်သူစစ်တပ်၏ ယူနီဖောင်း အဝတ်နှင့် ဖမ်းဆီးရမိခဲ့ပါလျှင်မူကား သူလျှိုဟူသော အမှတ်နှင့် သေနတ်ဖြင့် ပစ်သတ်ခြင်း ခံရမြဲဖြစ်လေသည်။

ထိုခဏ၌ တစ်စုံတစ်ယောက်သောသူသည် မှောင်မိုက်ထဲ၌ ကျွန်ုပ်၏ လည်ပင်းကို လက်ဖြင့် စမ်းသပ်လိုက်ရာ ကျွန်ုပ်မှာ လန့်အားတကြီးနှင့် ထိုလက်ကို ဖယ်ရှား၍ ဦးခေါင်းကို နောက်သို့ မော့ထားလိုက်၏။ သို့ပါသော်လည်း ထိုလက်သည် ကျွန်ုပ်၏ လည်မျိုကို ကိုင်ဖမ်း၍ သန်မာသော လက်ချောင်းတို့သည် ကျွန်ုပ်၏ လည်ချောင်းကို မြဲခိုင်စွာ ဖျစ်ညှစ်လေ၏။ ထိုအခါ ကျွန်ုပ်မှာ ရန်းဖယ်ရန် မတတ်နိုင်သောကြောင့် ထိုသူ၏ ကိုယ်ကို စမ်းသပ်၍ လည်ပင်းကို တွေ့အောင် ရှာပြီးလျှင် အပြန်အလှန် ဖျစ်ညှစ်လေ၏။ ထိုကဲ့သို့ သူတစ်ပြန် ကိုယ်တစ်ပြန် တစ်ယောက် လည်ပင်းကို တစ်ယောက် ခွန်အားရှိသမျှ ဖျစ်ညှစ်ကြရာတွင် ထိုသူသည် ကျွန်ုပ်ထက် ခွန်အားကြီးမားသောကြောင့် ကျွန်ုပ်လက်သည်သာလျှင် တဖြည်းဖြည်းပျော့ကျသွား၍ သူ၏လက်မှာမူကား ကျွန်ုပ်၏လည်ပင်း၌ ခိုင်မြဲသည် ထက် ခိုင်မြဲစပြုလာလေ၏။ နောက်ဆုံး၌ ထိုသူ၏ လက်ဝဲလက်သည် ကျွန်ုပ်၏ ကုပ်ပိုးကိုကိုင်လျက် လက်ယာလက်သည် မေးစေ့ကိုကိုင်ကာ လည်ပင်းကို နောက်သို့ တွန်းလှန်ချိုးမည်အပြု ကျွန်ုပ်မှာ နောက် ဆုံးသော စက္ကန့်ပေတည်းဟု စိတ်ထဲက အောက်မေ့လျက် ဂုလပ်ဆင်ဟု ကြိုးစား၍ အော်လိုက်၏။ ထိုခဏ၌ ဂုလပ်ဆင် လက်မှ လက်နှိပ်ဓာတ်မီးသည် ရုတ်တရက်လင်းလာ၍ ၎င်း၏လက်မှ မောင်းချထား သည် မီးရောင်၌ လက်ခနဲဖြစ်သွားသည်ကို မြင်လိုက်ရ၏။ နောက်ခဏ၌ ကျွန်ုပ်၏ လည်ပင်းကို ကိုင်ထားသော လက်သည် ပျော့ကျသွား၍ ရန်သူသည် ကျွန်ုပ်၏ လက်ထဲတွင် ခွေယိုင်လဲကျသွားနေ၏။

"စားစားကလေးလိုတော့တယ် ဂုလပ်ဆင်"

"ကျုပ်လည်း ချက်ကောင်း စောင့်နေတာပဲ၊ လူမှားမှာလည်း စိုးရသေး တယ်ဗျ"

"ကိုင်း...ကျုပ်တို့ ဆုတောင်းတော့ ပြည့်ပြီ၊ အဝတ်လဲပြီး ခွန့်ထွက်ဖို့ပဲ ရှိ တော့တယ်"

ကျွန်ုပ်တို့ နှစ်ယောက်သည် ရန်သူနှစ်ယောက်၏ အဝတ်များကို ချွတ်၍

mgyee.com

mgyoe.com


လျင်မြန်စွာ လဲလှယ်ဝတ်ဆင်ကြလေ၏။ ၎င်းနောက် လိုဏ်ခေါင်းတစ်လျှောက် ဖြည်းညင်းစွာ လျှောက်လာကြရာ၊ အဝသို့ ရောက်သောအခါ၌ ကံအားလျော်စွာ နေဝင်ပြီဖြစ်သဖြင့် မှောင်မိုက်လျက်ရှိလေပြီ။ တွင်းပေါ်သို့ ရောက်ကြရာတွင် ကြိုးဖြင့် ဆွဲတင်နေသော ရန်သူစစ်သားတစ်ယောက်က လိုဏ်ခေါင်း၏ အခြေအနေကို မေးမြန်းရာ ကျွန်ုပ်တို့က အလွန်မောဟိုက်လာကြသဖြင့် စကားပင် မပြောနိုင်လေ ဟန်နှင့် လက်ပြပြီးနောက်ထွက်လာခဲ့ကြလေ၏။

ထိုနယ်သည်ကား ရန်သူစစ်တပ်၏ နယ်ဖြစ်၏။ သို့ရာတွင် ဥမင်လိုဏ် ခေါင်းဝနှင့် စစ်သားများရှိရာ တူးမြောင်းမှာ ၁၀ ကိုက်ခန့်မျှ ကွာခြားလျက်ရှိ၏။ ကျွန်ုပ်နှင့် ဂူလပ်ဆင်သည် ကျွန်မပျက်စေဘဲ ခြေလှမ်းမှန်မှန်နှင့် စစ်တပ်ဆီသို့ လျှောက်လာကြရာ မှောင်မိုက်သို့ ရောက်သောအခါတွင် စစ်တပ်ဆီသို့ မသွားဘဲ နံဘေးသို့ ချော်ဖဲ့၍ သွားကြ၏။ ချုံတစ်ချုံသို့ ရောက်သောအခါ ခေတ္တမျှ အမောအပန်း ဖြေ၍ တိုင်ပင်နေကြရသေး၏။

အတော်အတန် ကွာလှမ်းသော အရပ်၌ ရန်သူစက်အမြောက် တစ်ခုသည် တဒုတ်ဒုတ် ပစ်လျက်ရှိ၏။ စက်အမြောက်တစ်ခုလျှင် စစ်သားနှစ်ယောက် ပစ်ရ ကြောင်းကိုမူကား ကျွန်ုပ်တို့ သိပြီးဖြစ်၏။

ဆင်။ ။ "ဟိုရှေ့ကဟာ မြင်လား"

နုပ်။ ။ "စက်သေနတ်ပေါ့ ဂူလပ်ဆင်"

ဆင်။ ။ "ကျုပ်တို့ ဒီအတိုင်း ပြန်တာထက် လက်ဆောင်တစ်ခုခုပါရင် မကောင်းဘူးလား"

နုပ်။ ။ "ဘာလက်ဆောင်လဲ"

ဆင်။ ။ "စက်သေနတ်လေ"

နုပ်။ ။ "ကြံကြံစည်စည်ဗျာ လူပဲ လွတ်စမ်းပါစေဦးတော့"

ဆင်။ ။ "ဘာခက်သလဲဗျ လာ လာ"

ကျွန်ုပ်တို့သည် စက်သေနတ်ဆီသို့ သွားကြရာ စစ်သားနှစ်ယောက်တို့မှာ ကျွန်ုပ်တို့ဘက်သို့ လှည့်မကြည့်ဘဲ အခြားဘက်သို့ မျက်နှာမူကာ တဒိုင်းဒိုင်း တဒုတ်ဒုတ် ပစ်လျက်ရှိကြ၏။ အနီးသို့ ရောက်ကြသောအခါ ဂူလပ်ဆင်က "ကျုပ်က ကြီးကြီးအကောင် ကိုင်မယ်၊ ခင်ဗျားက ငယ်ငယ်ကို တွယ်" ဟု ပြော၍ 'ဝမ်း တူး သရီး' ဟု အချက်ပေးပြီးလျှင် တစ်ယောက်လျှင် တစ်ယောက်စီ ဝင်ရောက် တိုက်ခိုက်ကြ၏။ ခမျာ နှစ်ယောက်မှာ ရန်သူစစ်တပ်ဘက်သို့ မျက်နှာမူ

mgyoe.com

mgyoe.com


ကာ ကျောဘက်သို့ အလျှင်း အရေးမလုပ်ဘဲ ရှိနေရာကား အလွယ်တကူနှင့်ပင် ကျဆုံးကြရာ၏။ ၎င်းနောက် ကျွန်ုပ်တို့ နှစ်ယောက်သည် စက်သေနတ်ကို ဦးပွဲ ထမ်းလျက် ကျွန်ုပ်တို့၏ စစ်တပ်ရှိရာသို့ ပြေးလာကြရာ 'ပိုင်ရှင်မရှိသောနယ်'သို့ အရောက်တွင် ကျွန်ုပ်တို့ ဘက်မှ ပတ်တရောင် စစ်သားတစ်စုနှင့် တွေ့ဆုံကြ၏။ ပတ်တရောင် စစ်သားများသည် ကျွန်ုပ်တို့ ယူနီဖောင်းကို မြင်သဖြင့် ရန်သူစစ်သား များ အထင်နှင့် ဖမ်းဆီးကြရာ ကျွန်ုပ်တို့ကလည်း မခုခံချေ။

နောက်ဆုံး၌ ပတ်တရောင် စစ်သားများသည် ကျွန်ုပ်တို့နှစ်ယောက်အား ကာနယ်ဂရေဟမ်ထံ ခေါ်သွား၍ ၎င်းတို့ ဖမ်းဆီးမိလာသော ရန်သူ စစ်သားများ အနေဖြင့် အပ်ရာတွင်မှ ကျွန်ုပ်တို့က အဖြစ်အပျက် အလုံးစုံကို ပြောပြသဖြင့် အင်္ဂလိပ်အရာရှိတစ်စုတို့မှာ တဝေါဝေါတဝါးဝါး ရယ်မောကြလေသတည်း။

သူရိယမဂ္ဂဇင်း၊ ၁၉၃၇ ခု၊ မတ်။

❖

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ၃
# အဘယ်ကြောင့် ကိုကိုကြီး လူပျိုကြီးဖြစ်နေရသနည်း

အချို့သော သူတို့က ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ လူတစ်ယောက်လျှင် တစ်သက်တာ၌ တစ်ကြိမ်သာလျှင် လှိုက်လှိုက်လှဲလှဲ စွဲစွဲမြဲမြဲ ချစ်ကြိုက်နိုင်သည်ဟု ပြောကြ၏။ အချို့ကလည်း ချစ်ကြိုက်ခြင်းဆိုသည်မှာ တဏှာရာဂနှင့် စပ်လျဉ်းသောအရာ ဖြစ်သောကြောင့် အရွယ်မကုန်လွန်သေးသမျှ ကာလပတ်လုံး ချစ်စွမ်းကြိုက်စွမ်းရှိသည်ဟု အယူရှိကြ၏။ ယောကျ်ားမိန်းမတို့သည် နှစ်အိမ်ထောင် သုံးအိမ်ထောင် စသည်ဖြင့် ဆက်လက်၍ ပြုကြသောအခါ၌ အိမ်ထောင်ဦး လင်မယားသာလျှင် အကြင်နာဆုံး ဖြစ်သည်ဟု မှတ်ယူကြသူတို့က မှားပြားမည်ဖြစ်ရာ ယေဘုယျနည်းအားဖြင့်လည်း မှန်ကန်ကောင်း မှန်ကန်ပေလိမ့်မည်။ သို့ရာတွင် အခါခပ်သိမ်း ထိုကဲ့သို့ ဖြစ်ရမည်ဟု တထစ်ချ မှတ်ယူခဲ့ပါလျှင်လည်း မှားယွင်းကောင်း မှားယွင်းပေလိမ့်မည်။

အချို့သော လင်မယားတို့မှာ 'ငယ်လင်ငယ်မယား'ပင် မဟုတ်စေကာမူ ဘဝအဆက်ဆက်က ပေါင်းဖက်လာခဲ့သော အထုံပါရမီများခဲ့သည့်အတွက်ကြောင့် ယခင် လင်ဟောင်း မယားဟောင်း များထက် မေတ္တာပိုမိုသည်ဟူ၍လည်း ရှိပေ

mgyoe.com

mgyoe.com

လိမ့်မည်။ ဥပမာအားဖြင့် ဝင်ဆာမြို့စားကတော်သည် မိမိအတွက်ကြောင့် ထီးနန်းစည်းစိမ်ကို စွန့်ပစ်၍ တစ်လောကလုံး၏ ကဲ့ရဲ့ခြင်းကို ခံဝံ့သော ဝင်ဆာမြို့စားကြီးအပေါ်၌ အမျိုးမျိုးသော အကြောင်းတို့ကို ထောက်ထားလျက် စင်စစ် အချစ်ခင်အကြင်နာဆုံး ဖြစ်ခဲ့ပါလျှင် အံ့ဩဖွယ်ရာရှိမည် မဟုတ်ချေ။

ယောကျ်ားနှင့် မိန်းမ နှိုင်းစာလိုက်သော် မိန်းမများသည် 'ကြင်စဦး' အပေါ်၌ အချစ်ပိုတတ်သည်က များပြားပေလိမ့်မည်။ မျက်မြင်အားဖြင့် ဆုံးဖြတ်ရသော် ရှေ့အိမ်ထောင် ပျက်စီးပြီးနောက် ဆက်လက်၍ အိမ်ထောင် မပြုသော ယောကျ်ားများ၏ အရေအတွက်ထက် မုဆိုးမအဖြစ်နှင့် အရိုးထုတ်သော မိန်းမများက ပိုမိုများပြားပေလိမ့်မည်။ ယင်းသို့ ဖြစ်ရခြင်းမှာ ထိုသူတို့သည် ပထမ အိမ်ထောင်၏ အလောင်းနှင့်အတူ မိမိတို့၏ ချစ်ကြိုက်တက်သော သဘောကို မြှုပ်နှံလိုက်သောကြောင့်ဟူ၍ ဆိုထိုက်ပါပေသည်။

အချို့သော မိန်းမများမှာ မိမိတို့ ချစ်ကြိုက်သော ယောကျ်ားနှင့် လင်မယားအဖြစ်သို့ မတိုင်ရောက်သေးမီ ထိုသူ သေဆုံးသွားသောကြောင့် နောက်ထပ် အိမ်ထောင်ပြုဖို့ တစ်ခါတည်း စိတ်ပျက်သွားတတ်ကြ၏။ ထိုကဲ့သို့ ယောကျ်ားမျိုးကားရှားပါးလှ၏။ သို့နှင့်ပင် မိန်းမများအား သစ္စာမဲ့တတ်ကြောင်းနှင့် အစဉ်အဆက်ရှုတ်ချကဲ့ရဲ့လာခဲ့ကြလေသည်။ ကျွန်ုပ်မှာမူကား မိန်းမတကာတို့တွင် သစ္စာအရှိဆုံး တစ်ယောက်ဟု ချီးမွမ်းလောက်ပေသော မစိန်းနွဲ့နှင့် တွေ့ဆုံခဲ့မိဖူးသည်အတွက် ယနေ့တိုင် လူပျိုကြီး အဖြစ်၌ ရှိနေသေးရာ နောင်အဖို့၌လည်း မျှော်လင့်ဖွယ်ရာ မရှိလှချေ။ မစိန်းနွဲ့၏ သစ္စာရှိပုံကား ဤသို့တည်း။

ကျွန်ုပ်သည် ပေါင်တွင် ကျည်ဆန်ထိမှန်သော ဒဏ်ရာကြောင့် အခွင့်ခံယူ၍ မြန်မာပြည်သို့ ပြန်လာပြီးလျှင် နေရင်းဌာနဖြစ်သော မော်လမြိုင်မြို့တွင် ငြိမ်းချမ်းစွာ နားနေလျက်ရှိစဉ် ယံခင်က စိတ်ကူးထဲ၌ထည့်၍ စဉ်းစားဖူးသော မစိန်းနွဲ့နှင့် ဖကြာခဏ တွေ့ဆုံခွင့်ရ၏။ ကျွန်ုပ်နှင့် မစိန်းနွဲ့တို့မှာ တစ်ရပ်တည်း အတူနေဖြစ်ကြသည့်အလျောက် ကလေးအရွယ်မှစ၍ ဟစ်ယောက်နှင့်တစ်ယောက် နေ့စဉ်လိုပင် တွေ့မြင်လာခဲ့ကြ၏။ ကျွန်ုပ်သည် မစိန်းနွဲ့အား အရွယ်ရောက်သည်မှစ၍ စိတ်ထဲက ချစ်ကြိုက်လာမိခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ ဖွင့်ဟပြောဆိုခဲ့ဖူးသည် မရှိချေ။ စစ်ထဲသို့ မလိုက်ပါမီကပင် ကျွန်ုပ်၏ မေတ္တာစိတ်ကို ထုတ်ဖော်ဖွင့်ဟပြောဆိုမည်ဟု အတန်တန် အကြံပြုပိုသော်လည်း နက်ဖြန်မှ ပြောတော့မည်၊ သန်

mgyoe.com

ဘက်ခါမှ ပြောတော့မည် စသဖြင့် တစ်နေ့နောက်တစ်နေ့ ရက်ဆွဲထားခဲ့ရာ၊ နောက်ဆုံး၌ စစ်ထဲသို့ လိုက်ပါသွားရသော်လည်း ဖွင့်ဟပြောဆိုခြင်း မပြုခဲ့ရချေ။

စစ်မြေပြင် အရပ်၌ အသက်ကို စွန့်စား၍ ဆောင်ရွက်ရသော ကိစ္စများတွင် ကျွန်ုပ်သည် သူတစ်ပါးထက် အောက်ကျ နောက်ကျ မရှိကြောင်းနှင့် သိကျွမ်းသူ တိုင်းက ဝန်ခံကြသဖြင့် သူရသတ္တိ မည့်လှသော်လည်း မစိန်းနွဲ့ကို ပြောဖို့ ကိစ္စ၌မူကား တစ်ရက်နောက်တစ်ရက် အချိန်သာ ကုန်လွန်ခဲ့၍ ဖွင့်ဟပြောကြားဝံ့သော သတ္တိပင် မရှိခဲ့ချေ။ ကျွန်ုပ်ကဲ့သို့ လူစွမ်းညံ့သည့်အတွက်ကြောင့် လူပျိုကြီး ဝင့်မှ မကျွတ်နိုင်သော ယောကျ်ားများလည်း လောက၌ ဘယ်နှယောက် ရှိကြမည် မပြောတတ်ချေ။

စစ်မြေပြင်မှ ဒဏ်ရာအတွက်ကြောင့် ပြန်လာရသောအခါတွင် မစိန်းနွဲ့သည် ကျွန်ုပ်နှင့် ငယ်သူငယ်ချင်းဖြစ်သည့်အလျောက် ကျွန်ုပ်တို့အိမ်သို့ မကြာမကြာ လာရောက်၍ ကျွန်ုပ်၏ ကျန်းမာရေးကို မေးမြန်း စုံစမ်းလေ့ရှိ၏။ ကျွန်ုပ်ကလည်း အားလပ်သောအချိန်များကို မစိန်းနွဲ့တို့ အိမ်သို့ လည်ပတ်ခြင်းအားဖြင့် အသုံးပြု ခဲ့ဖန် များလှချေပြီ။ ယင်းကဲ့သို့ မစိန်းနွဲ့၏ မျက်နှာကို တွေ့မြင်ရဖန် များလေလေ ယခင်က ချစ်ကြိုက်ခဲ့ဖူးသော မေတ္တာစာတ်ဟောင်းသည် အားကောင်း၍ လာ လေလေ ရှိနေသောကြောင့် ဤတစ်ခေါက် အခွင့်နှင့် ပြန်လာခိုက်တွင် မစိန်းနွဲ့အား ဖွင့်ဟ ပြောဆိုသွားတော့မည်ဟု စိတ်ထဲ၌ သန္နိဋ္ဌာန် ချထားလေ၏။

တစ်ညသ၌ ကျွန်ုပ်သည် မစိန်းနွဲ့တို့ နေအိမ်သို့ သွားရောက်လည်ပတ်၍ စစ်နှင့်ဆိုင်ရာ သတင်းများကို ဖောက်သည်ချလျက်ရှိရာ၊ မိဘများမှာမူ ညဉ့်နက်ပြီ ဖြစ်သောကြောင့် အိပ်ရာသို့ ဝင်ကြလေပြီ။ ငယ်သူငယ်ချင်းများ ဖြစ်ကြသောကြောင့် မစိန်းနွဲ့၏ မိဘများသည် ကျွန်ုပ်တို့အား မောင်လိုနှမလို သဘောထားသဖြင့် ယုံကြည်သည့်အတွက်ကြောင့် နှစ်ယောက်တည်း ပစ်ထားခဲ့ကြဟန်တူပေသည်။ ကျွန်ုပ်သည် တူးမြောင်းများအတွင်း ကျဉ်းမြောင်းကျပ်တည်းစွာ နေထိုင်ကြရပုံများကို ကရုဏာဖြစ်လောက်အောင် 'သယ်'လျက်ရှိစဉ်၊ နာရီကြီးသည် ၁၂ နာရီ ထိုးလေ၏။

နွဲ့။ ။ "ဟော ၁၂ နာရီတောင် ထိုးသွားပါပြီကော ကိုကိုကြီး"

ကျွန်ုပ်။ ။ "ဟုတ်ကဲ့လား၊ အချိန်များက ကုန်လွယ်လိုက်တာနော်၊ နေလိုက်ရသေးတယ်တောင် မထင်ဘူး၊ ချစ်တဲ့သူနဲ့ စကားပြောနေလို့ ထင်ပါရဲ့"

"မရွယ်ဘဲနဲ့ စော်ကဲ မင်းဖြစ်" ဟူ ဘိသကဲ့သို့ မကြံ့ရွယ်သေးဘဲလျက်နှင့်

mgyoe.com

mgyoe.com

လွှတ်ခနဲ ထွက်သွားမိချေပြီ။ မစိန်းနွဲ့သည် ကျွန်ုပ်၏ မျက်နှာကို ဖွက်ခနဲ မော့ကြည့်လိုက်ရာ လှောင်ပြောင်သော အခြင်းအရာကို မတွေ့ရဘဲ၊ တကယ် အတည်ပြောခြင်းဖြစ်ကြောင်း တွေ့ရလေရကား မျက်နှာကို အောက်သို့ ချထားလိုက်၏။ ကျွန်ုပ်မှာမူ "မပြောလည်း နေသေးရော" ဟူသော စကားကဲ့သို့ နှစ်ပေါင်း အတန်ကြာ မျိုသိပ်လာခဲ့ရသော မေတ္တာစိတ်ဓာတ်ကို တရစပ် အနားမပေးတော့ဘဲ ဆံရစ်ဆံတောက် ကလေးအရွယ်ကတည်းက မေတ္တာမျှလာခဲ့ရပုံနှင့်တကွ စစ်မြေပြင်အရပ်၌ ရှိစဉ်ကလည်း မစိန်းနွဲ့ကို တမ်းတ၍ လွမ်းချင်းများ ရေးမိစပ်မိ သီဆိုမိသည့် အကြောင်းများကိုပါ နှစ်ပေါင်းများစွာ နှုတ်ဆိတ်ခဲ့လေသမျှ အတိုးနှင့် ချ၍ဖွင့်ဟ ပြောဆိုလေ၏။ မစိန်းနွဲ့ကမူ ချိုသည် ချဉ်သည် တစ်ခွန်းမျှ မပြောဘဲ မျက်လွှာချကာ နားထောင်လျက် ရှိရာ၊ နောက်ဆုံး၌ ကျွန်ုပ်က ကျွန်ုပ်၏ လေးနက်သော မေတ္တာကို အဆတူ အချိန်တူ မတုံ့ပြန်နိုင်စေကာမူ တစ်ရွေးခန့် ဆီးကင်းခန့်မျှဖြစ်စေ တုံ့ပြန်လိမ့်မည်ဟု မျှော်လင့်ကြောင်းနှင့် တိုက်တွန်းပြောဆိုလေ၏။

ကျွန်ုပ်။ ။ "ဘယ့်နှယ်လဲ မစိန်းနွဲ့ရဲ့၊ သက်ပြင်းချည်း ချနေတော့မလား၊ တစ်ခွန်းလောက် အားရှိအောင် ပြန်ပြောပါဦးတော့လား နမရယ်"

နွဲ့။ ။ (သက်ပြင်းချလျက်ပင်) "ဩော်...ကိုကိုကြီး အလာကောင်းသော်လည်း အခါနှောင်းဆိုတဲ့ စကားလို ဖြစ်နေပြီကောရှင်"

ဤစကားသည်ကား ကျွန်ုပ်၏ နားထဲ၌ 'မျောက်မင်းအူသံ' ကဲ့သို့ ဝင်သွားတော့၏။

ကျွန်ုပ်။ ။ "ဒါဖြင့် တစ်ယောက်ယောက်နဲ့ စကားလွန်နေပြီ ဆိုပါတော့ ဟုတ်စ"

မစိန်းနွဲ့သည် နှုတ်ဖြင့် ပြန်မပြောဘဲ ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လေ၏။

ကျွန်ုပ်။ ။ "ဘယ်သူလဲ မစိန်းနွဲ့ရယ်၊ မမေးရဘူးလား"

နွဲ့။ ။ (ကျွန်ုပ်၏ မျက်နှာကို ပထမအကြိမ် စေ့စေ့ကြည့်လျက်) "ဒီမေးခွန်းကို ရှင် မမေးထိုက်ဘူးလို့ ကျွန်မ ထင်တယ်"

ကျွန်ုပ်။ ။ "မမေးထိုက်တာ မှန်ပါတယ် မစိန်းနွဲ့၊ သို့သော် ကျုပ်မှာ ဒီအရေးဟာ သေရေးရှင်ရေးလောက် အရေးကြီးလို့မို့ ကျုပ်ကို သနားသဖြင့် နာမည်ကလေးလောက် သိပါရစေ နမရယ်"

နွဲ့။ ။ "သူလိုငါလို လူမျိုးဖြစ်ရင် ကျွန်မ ပြောပါတယ် ကိုကိုကြီး။

mgyoe.com

mgyoe.com

သို့သော် ကျွန်မ ရည်းစားဟာက မပြောကောင်းတဲ့ လူမျိုးမို့ သည်းခံပါရှင်"

ကျွန်ုပ်။ ။ "သူလိုငါလို မဟုတ်လို့ မင်းကြီး ဦးကြဲး ထဲကလား၊ နို့ မဟုတ် နမကို စော်ကားသွားလို့လား၊ ဒီလိုများဆိုရင် ပြောစမ်းပါ မစိန်းနွဲ့ရယ်၊ အသက်ချင်း လဲပြစမ်းပါမယ်"

နွဲ့။ ။ "စော်ကားတယ်လို့ မဆိုလိုပါဘူး ကိုကိုကြီး၊ ပြောလို့ မသင့်တော်တဲ့ လူမျိုးမို့လို့ပါ၊ ကျွန်မလည်း ဒီအတွက်နဲ့ စိတ်ညစ်နေလို့ ဘယ့်နှယ် လုပ်ရမှန်းတောင် မသိဘူး"

ကျွန်ုပ်။ ။ "ကျုပ် ကူညီဖို့ လိုသလား၊ လိုရင် ပြောနော်၊ ကူညီဖို့ အဆင်သင့်ရှိတယ်"

နွဲ့။ ။ "ကိုကိုကြီး ကူညီနိုင်တဲ့ ကိစ္စမျိုးလည်း မဟုတ်ပါဘူး"

ကျွန်ုပ်။ ။ "ဘယ်ပုံ ဖြစ်တာလဲ၊ ဘယ်အရပ်သားလဲဗျ"

နွဲ့။ ။ (အတန်ငယ် စဉ်းစားပြီးနောက်) "ဒီအကြောင်းကို ကျွန်မ မိဘများတောင် မပြောဖူးဘူး၊ သို့သော် ရှင့်တော့ နည်းနည်းပြောပြမယ်၊ ကျွန်မ ရည်းစားဟာ လူမျိုးကွဲ ကိုကိုကြီးရဲ့"

ကျွန်ုပ်။ ။ "ဖြစ်ရပလေ မစိန်းနွဲ့ရယ်၊ ဘာလူမျိုးလဲ၊ အင်္ဂလိပ်လား တရုတ်လား"

နွဲ့။ ။ "တူရကီလူမျိုးထဲကရှင့်၊ သူတို့ အစိုးရက ပြန်ခေါ်လို့ စစ်ထဲ လိုက်သွားတာ ဘာကြာသေးသလဲ"

ကျွန်ုပ်။ ။ "ဟင်...ဒါဖြင့် ကျုပ်တို့နဲ့ တစ်ဖက်စီပေါ့၊ နာမည် ဘယ့်နှယ် ခေါ်သလဲ"

နွဲ့။ ။ "ဒါတော့ ကျွန်မ မပြောပါရစေနဲ့ရှင်၊ မတော်တဆ စစ်မြေပြင်မှာ ရှင်တို့နဲ့ ရင်ဆိုင်များ တိုက်ရလို့ရှိရင်... သို့သော် ဖြစ်ခဲပါရဲ့လေ"

ကျွန်ုပ်။ ။ "သိန်းသန်းကုဋေလူတွေထဲမှာ တွေ့ဖို့ အခက်ကြီးပေါ့ မစိန်းနွဲ့ရယ်"

"သမီးရေ ညဉ့်နက်ပါပြီကောကွယ်၊ ကိုကိုကြီးကော မမာပြီးခါစ အိပ်ပျက်ခံလို့ မတော်ဘူးမှတ်တယ်"

မစိန်းနွဲ့၏ မိခင်သည် တစ်ရေးနိုးသဖြင့် ထလာ၍ သတိပေးလေရာ ကိုကိုကြီးလည်း နှုတ်ဆက်၍ ပြန်လာခဲ့လေ၏။

နောက်တစ်နေ့၌ ကျွန်ုပ်သည် စစ်တပ်အရာရှိထံမှ အမိန့်စာတစ်စောင် ရရှိ

mgyoe.com

mgyoe.com

ရာ မက်ဆိုပိုတေးမီးယား စစ်မျက်နှာ၌ အရေးကြီးသော မှူခင်းကိစ္စများ ဖြစ်ပေါ်လာသည့် အတွက်ကြောင့် ကျွန်ုပ်နှင့် တကွ အခွင့်နှင့်ပြန်နေသော စစ်မှုထမ်းအားလုံးတို့အား ဆောလျင်စွာ ပြန်လာရန် ဆင့်ခေါ်သော စာပင်ဖြစ်လေသည်။ ကျွန်ုပ်သည် ၎င်းစာကို ယမန်နေ့က ရရှိခဲ့ပါမူ အမိန့်အတိုင်း လိုက်နာရန် စိတ်ထဲ၌ နှောင့်နှေးခြင်း ရှိမည်ဖြစ်ရာ၊ ယခုမှာမူ မော်လမြိုင်မြို့၌ တစ်နေ့တစ်ရက်မျှ ဆက်လက်၍ မနေလိုဆဲတွင် ရောက်လာသောစာ ဖြစ်သောကြောင့် ဝမ်းမြောက်ဝမ်းသာပင် ပြင်ဆင်လေ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ထိုညဉ့်ရထားနှင့် ရန်ကုန်မြို့သို့ လိုက်လာခဲ့၍ သုံးရက်ခန့်အတွင်းတွင် စစ်မြေပြင်သို့ ဆက်လက် လိုက်ပါသွားလေ၏။ မော်လမြိုင်မြို့မှ မထွက်ခွာမီ မစိန်းနွဲ့ထံ သွားရောက်၍ နှုတ်ဆက်ရလျှင် ကောင်းမည်လောဟု စဉ်းစားမိသော်လည်း နောက်ဆုံး၌ ဝမ်းနည်းဖွယ် အခြင်းအရာကို မွေးမြူထားရန် ဝါသနာ မပါသည့်အလျောက် နှုတ်မဆက်ဘဲ ထွက်လာခဲ့၏။

စစ်မြေပြင်သို့ ပြန်ရောက်သောအခါ ကျွန်ုပ် မရှိသည့် အတောအတွင်းတွင် ရန်သူ စစ်တပ်တို့ အတော် အရေးသာသွားခဲ့ကြောင်း ကြားသိရ၏။ ယခင်က ကျွန်ုပ်တို့ လက်ဝယ်၌ ရှိနေသော နယ်မြေများသည် ယခုအခါ၌ ရန်သူ လက်တွင်းသို့ ပြန်ရောက်ခဲ့ပြီဖြစ်ရာ၊ အသစ် ထပ်မံ စုဆောင်းလျက်ရှိသော စစ်သားများအား မူလခန့်မှန်းထားသည်ထက် ပို၍ အချိန်ကြာရှည်စွာ လေ့ကျင့်ပေးနေရသည်အတွက်ကြောင့် ကျွန်ုပ်တို့ လူဟောင်းများကို ဆောလျင်စွာ ပြန်ခေါ်ရခြင်း ဖြစ်လေသည်။

ကျွန်ုပ်သည် စစ်မြေပြင်သို့ ပြန်လည်ဆိုက်ရောက်သော နေ့မှစ၍ အသက်တစ်ချောင်းကို နှမြောကာကွယ်ခြင်း အလျှင်း မရှိဘဲ၊ ဘေးအန္တရာယ် ထူပြောသော လုပ်ငန်းတွင် အစဉ်အမြဲ ပါဝင်ဆောင်ရွက်လေ၏။ ရန်သူများ စောင့်နေသော နယ်ပယ်ကို ကျော်ဖြတ်၍ အရေးကြီးသော ချောစာများ ပေးပို့ရန်ရှိသောအခါဖြစ်စေ၊ အမြောက်အမြားကို အနည်းငယ်မျှနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန်လိုသော ကိစ္စများ၌ဖြစ်စေ၊ "ကြောက်လွဲ ရဲမင်းဖြစ်" သဘောမျိုးနှင့် ဖွတ်မိုက်၍ လုပ်ရမည့် ကိစ္စများ၌ဖြစ်စေ ကျွန်ုပ်သာလျှင် ရှေ့ဆုံးမှထွက်၍ တာဝန်ခံယူလေ၏။ တစ်နေ့သ၌ စစ်တပ်နှစ်တပ်အကြား 'ဘုံဘိုင်မြေ'အတွင်း ကုန်းမြင့်ကလေး တစ်ခုပေါ်၌ အလံစိုက်ထူဝံ့မဝံ့ အလောင်းအစားဖြစ်ကြရာ ကျွန်ုပ်သည် တဒိန်းဒိန်း တဒိုင်းဒိုင်း ပစ်ခတ်လျက်ရှိသော သေနတ်ကျည်ဆန်များ၏ အကြား ဝမ်းလျားထိုး သွားရောက်၍ ယူနီယန်ဂျက် အလံကို စိုက်ထူခဲ့ခြင်းအားဖြင့် ငွေ ၂၅ိ အနိုင်ရခဲ့ဖူးလေသည်။

ကျွန်ုပ်က အသက် မနှမြောခြင်း၏ အကြောင်းရင်းကို ဖတ်ရှုသူတို့ သိကြ

mgyoe.com

mgyoe.com

ပြီး ဖြစ်သဖြင့် အံ့သြကြမည် မဟုတ်ပေရာ၊ ကျွန်ုပ်၏ အပေါင်းအဖော်များကမူ ငွေ ၂၅ိ မျှနှင့် အသက်ကို စွန့်ပါပေသည်ဟု လက်ဖျားခါကြ၏။ ကျွန်ုပ်မှာ လုံလောက်သော အကြောင်းနှင့်ဖြစ်စေ၊ အကြောင်း မလုံလောက်ဘဲ သက်သက် ရမ်းသော သဘောမျိုးနှင့် ဖြစ်စေ၊ ကြိမ်ဖန်များစွာ အသက်ကို စွန့်ခဲ့ပါသော်လည်း "သေကံမရောက် သက်မပျောက်"ဟူသော စကားအရ သေတွင်းမှ သီသီကလေး မျှ ဖြစ်စေ လွတ်မြောက်သည်ချည်းသာလျှင် ဖြစ်ခဲ့ရလေသည်။ နောက်ဆုံး၌ ကျွန်ုပ် သည် လွတ်ရဖန်များခဲ့လှသောကြောင့် "ဤစစ်အတွင်း၌ ဘယ်နည်းနှင့်မျှ ငါ မသေနိုင်"ဟူ၍ပင် မှတ်ထင်လာခဲ့လေ၏။

အခါတစ်ပါး၌ ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကို သေနတ်ပြီး ဗုံးဆန်ပြီး သလောက် မှတ်ထင်ဟန်နှင့် စစ်သားသုံးယောက်တို့၏အသက်ကို စွန့်စားကယ် ဆယ်ခဲ့ဖူးရာ အထက်အရာရှိကြီးများသည် ကျွန်ုပ်အား (V.C) သူရသတ္တိထူးတံဆိပ် ဖြင့် ချီးမြှင့်ရန်ပင် ထောက်ခံရေးသားကြဖူး၏။ သို့ရာတွင် ၎င်းဘွဲ့မျိုးမှာ အင်္ဂလိပ် အရာရှိကြီးများပင်လျှင် ရနိုင်ခဲလှသော ဘွဲ့မျိုးဖြစ်ပေရကား အင်္ဂလိပ်အစိုးရတို့ သည် ကျွန်ုပ်ကဲ့သို့ အညတရတစ်ဦးတစ်ယောက်အား ဤမျှလောက် ချီးမြှောက်လို ဟန်လက္ခဏာမရှိချေ။ သို့ဖြစ်၍ ကျွန်ုပ်မှာ ၎င်းအပြုအမူအတွက် (D.S.O) တံဆိပ် မျှနှင့်သာလျှင် ရောင့်ရဲတင်းတိမ်ခဲ့ရလေ၏။ ကျွန်ုပ်ကိုယ်တိုင်မှာမူ သူတစ်ပါးတို့ ထက် ထူးထူးချွန်ချွန် မည်သည့်နေရာမျိုး၌ လူစွမ်းပြရပါချေမည်နည်းဟု အခါအခွင့် ကို မျှော်လင့်စုံစမ်းလျက်နေခဲ့လေ၏။

တစ်နေ့သ၌ ကျွန်ုပ်တို့စစ်တပ်၏ အနောက်တွင်ရှိသော တောကလေး၏ အစတွင် ကျွန်ုပ်နှင့် အမြောက်တပ် အရာရှိတစ်ယောက်သည် လမ်းလျှောက်လာ ကြ၏။ တစ်ခဏမျှ ကြာသောအခါ တောကလေး အတွင်းဆီမှ ဒိုင်းခနဲ မြည်သော အမြောက်ကလေးသံတစ်ချက်ကို ကြားကြရလေ၏။

ရှိ။ ။ "ဟောဒီအသံ ပေါ်လာပြန်ပြီ"

ကျွန်ုပ်။ ။ "ဘာသံမို့လဲဗျ၊ အမြောက်ကလေးသံ မဟုတ်လား၊ ဘာ များ ထူးခြားလို့လဲ"

ရှိ။ ။ "ထူးခြားဘိလားဗျာ၊ ဒီအသံဟာ ကျုပ်တို့ဘက်က အမြောက် သံ မဟုတ်ဘူးဗျ၊ တူရကီ အမြောက်ကလေးသံပဲ"

ကျွန်ုပ်။ ။ "ကြံကြံစည်စည်ဗျာ၊ ကျွန်ုပ်တို့ စစ်တပ်နောက် ၅ မိုင် လောက် ရောက်နေပြီဟာ၊ တူရကီအမြောက်သံ ဖြစ်နိုင်ပါ့မလား"

mgyoe.com

mgyoe.com

ရှီ။ ။ "ခင်ဗျားတို့က 'ဒိုင်း'ဆို မြည်တဲ့ အမြောက်သံဆိုရင် အတူတူချည်းပဲ မှတ်တယ်၊ ကျွန်ုပ်တို့ကတော့ တစ်သက်လုံး လေ့ကျင့်နားထောင်လာခဲ့ရတာမို့ ဒိုင်းခနဲ ကြားလိုက်ရင် တူရကီ အမြောက်ပဲ၊ အင်္ဂလိပ် အမြောက်ပဲ၊ ဂျာမနီ အမြောက်ပဲ ထိပ်ဝဘယ်လောက်ရှိတယ်ဆိုတာ ပိုင်းခြားပြီး သိနိုင်တယ်ဗျ"

ကျွန်ုပ်။ ။ "ဘယ်လိုပဲ ခင်ဗျား သိတယ်ဆိုဆို ဒီအသံတော့ ခင်ဗျား မှားပြီ၊ ဟိုဘက်တောကလေးထဲက ထွက်လာတဲ့ အမြောက်သံ ဖြစ်လေတော့၊ ဒီနေရာမှာ တူရကီအမြောက် မရှိနိုင်ဘူးဗျ၊ ကျွန်ုပ်တို့ဘက်က အံမြောက်ပဲ ဖြစ်ရမယ်"

ရှီ။ ။ (စိတ်ပျက်ဟန်နှင့်) "ကိုင်း...ခင်ဗျားနဲ့ ငြင်းနေလို့ အပိုပဲ၊ မျက်စိမမြင်တဲ့ လူနဲ့ တုဖက်ပြီး ဖြူပါတယ်၊ နီပါတယ်လို့ ငြင်းရတာနဲ့ ဘာမှ မထူးဘူး၊ ဒီတော့ ကျွန်ုပ်ကပဲ အရှုံးပေးပါပြီဗျာ"

ထိုအခါ ကျွန်ုပ်မှာ အမြောက်တပ် အရာရှိနှင့် ဆက်လက် ဖက်ပြိုင်ငြင်းခုံခြင်းငှာ နည်းလမ်း မရှိတော့သဖြင့် ၎င်း၏ စကားကို ဆိတ်ငြိမ်စွာ ပြန်လှန် တွေးတောရင်း လိုက်ပါလာလေ၏။ အနည်းငယ် လျှောက်မိကြလေလျှင် အမြောက်တပ် အရာရှိသည် ၎င်း၏ အလုပ်ဝတ္တရားနှင့်ဆိုင်ရာကိစ္စ ဆောင်ရွက်ရန် ရှိသဖြင့် တစ်ဖက်သော လမ်းသို့ လိုက်သွားရာ ကျွန်ုပ်လည်း အခြားတစ်ဖက်လမ်းအတိုင်း လိုက်လာလေ၏။ တစ်ယောက်တည်း လျှောက်လာရင်း လဲနေသော သစ်တစ်ပင်ကို တွေ့သည်နှင့် ကျွန်ုပ်သည် သစ်တုံးပေါ်၌ထိုင်ကာ စီးကရက် သောက်နေစဉ် ယခင်က အမြောက်သံမျိုး တစ်ချက် ကြားရပြန်လေ၏။ ထိုအခါ ကျွန်ုပ်မှာ အမြောက်တပ် အရာရှိ ပြောသောစကား ယုတ္တိ မရှိ စဉ်းစားမိရာ၊ နောက်ဆုံး၌ အသံကြားရာသို့ သွားရောက်စုံစမ်းလိုသောစိတ် ဖြစ်ပေါ်လာလေ၏။

ထိုစဉ်အခါက ကျွန်ုပ်မှာ အကြံဖြစ်ပေါ်ခြင်းနှင့် ထိုအကြံအတိုင်း လိုက်နာပြုကျင့်ခြင်းတို့သည် ရှေ့သွားနောက်လိုက်ဖြစ်ကြ၏။ ကျွန်ုပ်သည် သစ်လုံးပေါ်မှ ထ၍ လက်နက်ကို စုံစမ်းရာ ခြောက်လုံးပြူး တစ်လက်နှင့် ဓားမြှောင် တစ်လက်မျှ ပါရှိ၏။ လုံလောက်ချေပြီ။ ထိုနောက် ကျွန်ုပ်သည် ယခင်က အသံကြားရာသို့ ရော်ရမ်းမှန်းလျက် ချုံကြိုချုံကြားတို့မှ ဖြတ်၍ တောလမ်းကလေးတစ်လျှောက် လျှောက်လာခဲ့၏။ ၁၅ မိနစ်ခန့် လျှောက်မိသောအခါ အမြောက်သံတစ်ချက် ကြားရပြန်ရာ ယခင် ကြားရသော အသံထက် ကျယ်လောင်သောကြောင့် ရှေးကထက် နီးကပ်လာခဲ့ကြောင်း အသံကြားရာ အရပ်ကို ခန့်မှန်းခြေ မလွဲကြောင်း ထင်ရှား

mgyoe.com

m gyoe.com


ပေ၏။

တောမှာ ဆင်နေ ကျားအောင်း တောကြီးမျိုး မဟုတ်။ ချုံကြို့ချုံကြားတို့မှ ယုန်ကလေးများ တောကြက်များ အလန့်တကြား ထခုန်ပြေးလွှားကြ၏။ ကျွန်ုပ်သည် အသံကြားရာအရပ်သို့ နာရီသုံးမတ်ခန့်မျှ ဆက်လက် လျှောက်လိုက်သွားခဲ့သော်လည်း နောက်ထပ်၍ အသံမကြားရတော့ချေ။ ၁၅ မိနစ်ခန့် ဆက်လက်လျှောက်ပြီးလတ်သော် ဤနေရာသည်ကား အမြောက်သံ လာလောက်သော နေရာပေတည်းဟု ကျွန်ုပ် ဆုံးဖြတ်မိ၏။ သို့ရာတွင် အနီးအပါး၌မူ ချုံပုတ်ကလေးများမှတစ်ပါး အမြောက်နှင့်တူသော မည်သည့်အရာကိုမှ မတွေ့မြင်ရချေ။

ကျွန်ုပ်သည် လက်ပတ်နာရီကို ကြည့်လိုက်ရာတွင် နာရီပြန် ၂ ချက်တိတိ ရှိနေကြောင်း တွေ့ရ၏။ မည်သည့်နည်းနှင့်မဆို ဤနေရာမှ စောင့်ဆိုင်း၍ အရိပ်အကဲ ကြည့်ဦးအံ့ဟု သဘောရသည်နှင့် ကျွန်ုပ်သည် အရပ် လေးမျက်နှာကို ကြည့်ရှုရာ ကိုက်တစ်ရာခန့်တွင် သစ်ပင်ကြီးတစ်ပင်ကို တွေ့မြင်လေ၏။ သစ်ပင်ပေါ်မှတက်၍ စောင့်ရလျှင် တော်ချေမည်လောဟု အနီးသို့ ချဉ်းကပ်သည်တွင် ၎င်းသစ်ပင်ကြီး၌ သစ်ခေါင်းတစ်ခုရှိကြောင်း တွေ့မြင်ရ၏။ "အဆင်သင့်လိုက်လေ" ဟု အောက်မေ့လျက် ကျွန်ုပ်သည် ခါးစောင်းခန့်မြင့်သော သစ်ခေါင်းကြီး အတွင်းသို့ ဝင်ပြီးလျှင် နေသားတကျ ပြင်ဆင်စောင့်မျှော်၍ နေလေ၏။

နှစ်နာရီခွဲသော်လည်း မည်သူမျှ မပေါ်လာ၊ ဘာသံမျှလည်း မကြားရချေ။ သုံးနာရီခွဲ၊ လေးနာရီထိုးသော်လည်း မထူးခြားချေ။ ငါးနာရီ ထိုးလတ်သော်လည်း သစ်ခေါင်းအတွင်း ကွေးနေရခြင်း ဖြစ်သောကြောင့် ညောင်းညာလှသည်နှင့် အချည်းနှီးလာခဲ့မိခြင်းဖြစ်သည်ဟု ညည်းညည်းညူညူနှင့် ထွက်တော့မည် အပြုတွင် ကိုက်တစ်ရာခန့် ခရီး၌ တောသားတစ်ယောက် ထင်းကောက်နေသည်ကို တွေ့မြင်ရ၏။ ထိုအခါ ကျွန်ုပ်သည် မည်သူမဆို တောသားယောင်ဆောင်နိုင်ခြင်းကို စဉ်းစားမိသည်နှင့် သစ်ခေါင်းတွင်းမှ မထွက်ဘဲ ထိုသူ၏ အမူအရာကို အကဲခတ်လျက်ရှိ၏။

တောသားသည် ထင်းများကို ငုံ့ကောက်လျက်ရှိစဉ် ရံဖန်ရံခါ မိမိ၏ ခါးကို ဆန့်တန်း၍ အရပ်လေးမျက်နှာကို ခေါင်းမျှော် ကြည့်ရှုသည်ဟု ထင်မိ၏။ တစ်ခဏမျှ ကြာလတ်သော် ထိုသူနှင့် ကိုက် ၁၀၀ ခန့် ဝေးသောနေရာ၌ အခြား တောသား တစ်ယောက် ပေါ်လာပြန်ရာ၊ ထိုသူသည်လည်း ပထမလူ၏နည်းတူ ထင်းများကောက်နေလျက်ရှိနေပြန်၏။

mgyoe.com

mgyoe.com

၅ နာရီခွဲသည်နှင့် တစ်ပြိုင်နက် ဂျွန်ပ်တို့ စစ်တပ်ဆီမှ ညနေတိုင်း ပစ်ခတ်သော ထုံးစံအတိုင်း အမြောက်သံ ဗုံးသံများ ဆူညံစွာ ကြားရလေရာ၊ ထင်းကောက်တောသားတို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေ၏။ တစ်ယောက်သော တောသားသည် ဂျွန်ပ် ပုန်းအောင်းနေသော သစ်ခေါင်းဆီသို့ တည့်တည့်ကြီး ပြေးလာသဖြင့် ဂျွန်ပ်မှာ ၆ လုံးပြူးကို အသင့်ပြင်ဆင်ထားရ၏။ သို့ရာတွင် ထိုသူသည် သစ်ပင်အနီးသို့ ရောက်သောအခါတွင် လက်ဝဲဘက်သို့ ချိုးသွား၍ သစ်ပင်ကြီးနှင့် ၁၈ ကိုက်ခန့် ဝေးကွာသောနေရာ၌ ရုတ်တရက် ရပ်တန့် လက်နှစ်ဖက်ကို မြှောက်ကာ ယမ်းပြလေ၏။ ထိုခဏ၌ အမြောက်ကလေး တစ်လက်သည် မြေကြီးထဲမှ မျက်လှည့်ပြသကဲ့သို့ ရုတ်တရက် ပေါ်ထွက်လာလေရာ ဂျွန်ပ်မှာ ထူးဆန်းလှသော ထိုအခြင်းအရာကို မယုံကြည်နိုင်သဖြင့် အိပ်မက်မက်နေခြင်းလေလောဟု လက်ညှိုးကိုပင် ကိုက်၍ ကြည့်မိလေ၏။

၎င်းနောက် တောသား နှစ်ယောက်တို့သည် အမြောက်ကို ယမ်းထိုးခြင်း၊ ချိန်မှန်းခြင်း၊ စနက်တံရှို့ခြင်း စသည်ဖြင့် သွက်လက်လျင်မြန်စွာ ပြုလုပ်ကြလေရကား တစ်မိနစ်ခန့်အတွင်း ၅ ချက်ထက် မနည်း ပစ်ခတ်ပြီးစီးကြလေပြီ။ ဂျွန်ပ်သည် မည်ကဲ့သို့ စီမံရလျှင် အကောင်းဆုံး ဖြစ်ချေမည်နည်းဟု စဉ်းစားစိတ်ကူးနေစဉ် တစ်ယောက်သော တောသားသည် ကင်းစောင့်သဘောနှင့် စောင့်မျှော်ကြည့်ရှုနေရာမှ ခြေပြလက်ပြ ပြုလုပ်ပြန်လေ၏။ နောက်တစ်ခဏ၌ တဒိုင်းဒိုင်း ပစ်ခတ်လျက်ရှိသဖြင့် အဝမှ မီးခိုးများ အူလျက်ရှိသော ထိုအမြောက်သည် အဘယ်သို့ ရောက်သွားပြန်သည် မသိ၊ ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားပြန်လေရာ၊ တောသားနှစ်ယောက်တို့မှာ ထင်းများကောက်လျက် ရှိနေကြပြန်လေ၏။

တစ်ခဏမျှ ကြာသောအခါ ဂျွန်ပ်တို့ စစ်တပ်မှ စစ်သားနှစ်ယောက်သည် ချုံကြိုချုံကြားမှ ဖြတ်သန်း ထွက်ပေါ်လာကြလေ၏။ ၎င်းတို့၌ သေနတ်လက်နက်ပါရှိခဲ့ပါမူ ဂျွန်ပ်တို့သည် တောသားနှစ်ယောက်ကို ထိုနေရာ၌ပင် လက်ရဖမ်းဆီးနိုင်ဖို့ရှိ၏။ သို့ရာတွင် ဂျွန်ပ်တို့ စစ်သားများမှာ ဂျွန်ပ်တို့ စစ်တပ်၏နောက်၌ အပျင်းဖြေလှည့်လည်နေကြခြင်းဖြစ်သောကြောင့် သေနတ်ကိုင်ဆောင်ခြင်း မပြုခဲ့ကြရကား သစ်ခေါင်းတွင်း၌ ပုန်းအောင်းနေသော ဂျွန်ပ်က ဖမ်းဆီးရန် အချက်မပေးနိုင်ချေ။ စစ်သားနှစ်ယောက်တို့သည် ထင်းကောက်သော တောသား နှစ်ယောက်အား ယုံမှားခြင်းကင်းသော အမူအရာနှင့် ချောင်းမြောင်း ကြည့်ရှုပြီးနောက် သွားမြဲတိုင်း ဆက်လက်ထွက်သွားကြလေ၏။

mgyoe.com

စစ်သားများ ထွက်သွားကြပြီးနောက် တောသား နှစ်ယောက်တို့သည် အတန်ငယ် ကြာအောင် တိုင်ပင်နေကြလေ၏။ နောက်ဆုံး၌ ယနေ့အဖို့ တော်လောက်ပြီဟု ဆုံးဖြတ်ဟန် လက္ခဏာနှင့် ထင်းစည်းကိုယ်စီကောက်ယူပြီးလျှင် ကျွန်ုပ် ပုန်းအောင်းနေသော သစ်ပင်အနီးမှ ကပ်၍ လျှောက်သွားကြလေ၏။ ၎င်းတို့ ချဉ်းကပ်မိသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ၆ လုံးပြူးကို ကိုင်လျက် သစ်ခေါင်းထဲမှ ရုတ်တရက် ခုန်ထွက်လိုက်လေ၏။ ထိုသူနှစ်ယောက်သည် ပေါက်ကွဲမတတ် ပြူးထွက်လာသော မျက်လုံးများဖြင့် ကျွန်ုပ်အား ကြောင်တောင် ငေးလျက်ကြည့်နေကြရာ ကျွန်ုပ်က "လက်မြှောက်လိုက်" ဟု အမိန့်ပေးလိုက်၏။ ထိုအခါ ၎င်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးနောက် တစ်ယောက်သောသူက စတင်ထွက်ပြေးလေရာ၊ တစ်ယောက်လည်း နောက်မှလိုက်ပြေးလေ၏။ အခြားနည်း မရှိတော့ချေ။ ကျွန်ုပ်သည် လက်တွင် အဆင့်သင့် ချိန်ရွယ်ထားသော ၆ လုံးပြူး၏ မောင်းကို ဖြုတ်ချလိုက်ရာ တစ်ယောက်မှာ သုံးလှမ်းမပြည့်မီ ကျွမ်းပြန်၍ ထိုးလဲသွားလေ၏။ ကျန်သော ကျည်ဆန်များနှင့် ဒုတိယလူကို ပစ်ပါသော်လည်း သမင်၏လျင်မြန်ခြင်းဖြင့် ချုံများကို ကျော်လွှား ကွင်းရှောင် ပြေးသွားသော ထိုသူကိုမူ ထိမှန်ဟန် မတူချေ။

သေနတ် ထိမှန်သောသူ အနီးသို့ ချဉ်းကပ်ကြည့်ရှုရာ၊ ပါးစပ်ကလေး တစ်ကြိမ်နှစ်ကြိမ် ဟပြီးနောက် အသက်ကုန်သွားရှာ၏။ ထို့နောက် ကျွန်ုပ်သည် ယခင်က အမြောက် ထွက်ပေါ်လာဖူးသော နေရာသို့ သွားရောက်၍ သေချာစွာ ကြည့်ရှုလေ၏။ အမြောက်ဟူ၍ အစအနမျှ မတွေ့ရဘဲ သစ်ရွက်များ ဖုံးအုပ်လျက်ရှိသော တွင်းကြီးတစ်တွင်းကိုသာ တွေ့ရ၏။ ထိုအခါ ကျွန်ုပ်သည် သစ်ခက်သစ်ရွက်များကို ကျော်နင်း၍ တွင်း၏ အခြားဘက်သို့ ကူးမည်အပြုတွင် "ဂွတ်ရှ် ဖုတ်" ဟူသော အသံသုံးဆင့်ဖြင့် သစ်ခက်များ ကျိုးပဲ့ခြင်း အစ၊ သစ်ရွက်များအကြားမှ ဖောက်ထွင်းခြင်း အလယ်၊ အောက်သို့ ကျရောက်ခြင်း အဆုံး ရှိချေ၏။

စင်စစ်သော်ကား သစ်ခက်များသည် လျှို့ဝှက်ရာ အရပ်ကို ဖုံးအုပ်ထားသော ကိရိယာတန်ဆာများဖြစ်ရာ လျှို့ဝှက်ရာ အရပ်၌ကား အမြောက်စောင့် တူရကီစစ်သားကိုပါ တွေ့ရှိရ၏။ တူရကီစစ်သားသည် သစ်ခက်များ အကြားမှ ဖုတ်ခနဲ လျှောကျလာသော ကျွန်ုပ်ကို မြင်ရသောအခါ ကျွန်ုပ်ကဲ့သို့ပင် အံ့အားသင့်နေဟန်ရှိ၏။ တစ်ယောက်ကိုတစ်ယောက် မျက်နှာချင်းဆိုင်ကာ အကြောင်သား ငေးကြည့်နေကြပြီးနောက် တူရကီ စစ်သားသည် အံ့သြခြင်း ပြေပျောက်၍ ခုန်